# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃ ) တွင် အမှာစကားပြောကြားစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း**

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား**

# တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူနိုင်မှသာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် မတ် ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃ ) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့** *ဖတ်စရာ*


**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး** — ပြည်တွင်းသတင်း စာ - ၅

**ဂျပန်နိုင်ငံရှိ ဖူဂျီတောင် ပေါက်ကွဲခဲ့မည်ဆိုပါက ကယ်ဆယ်ရေး အစီအစဉ်ကောင်းတစ်ခု ရှိနေပြီဟုဆို** — နိုင်ငံတကာသတင်း စာ - ၁၃

# နိုင်ငံ့စီးပွားမြှင့်တင်ပေးရန် အရင်းမပျောက်မတည်ရန်ပုံငွေ

နိုင်ငံတော်အတွက် လျင်မြန်စွာအကျိုးရလဒ် Quick Win ရရှိနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော မတည်ရင်းနှီးငွေများ ရရှိနိုင်စေရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ လက်ကျန်ငွေမှ ကျပ် ၄၀၀ ဘီလီယံကို "နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ" အမည်ဖြင့် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ယမန်နှစ် ဇူလိုင်လ ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ "နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ"မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ကျပ် ၂၃၀ ဘီလီယံ၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ ကျပ် ၁၀ ဘီလီယံစီ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သို့ ကျပ်ရှစ်ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုတို့ကို ကျပ်ငါးဘီလီယံစီ စုစုပေါင်း ရန်ပုံငွေကျပ် ၃၃၀ ဘီလီယံကို မတည်ထောက်ပံ့ငွေပေးအပ်ခဲ့ပြီး ၎င်းမတည်ထောက်ပံ့ငွေနှင့် ပတ်သက်၍ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့လည်း အကြောင်းကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများအရ ထိခိုက်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်နိုင်ရန်အတွက် သီးသန့်ရန်ပုံငွေကို ထူထောင်ခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းများ၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော မတည်ရင်းနှီးငွေများ ရရှိနိုင်စေရန် ရည်ရွယ်ခြင်းလည်းဖြစ်ရာ ရရှိလာသည့် မတည်ရင်းနှီးငွေများကို အကျိုးရှိရှိ၊ ထိထိရောက်ရောက် အသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် အားထုတ်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ စိုက်ပျိုးမြေဧကများကို အပြည့်အဝအသုံးချရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ရေး၊ စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ထူထောင်၍ တန်ဖိုးမြှင့်ကုန်များ ထုတ်လုပ်ရေးအတွက် နိုင်ငံတော်အကြီးအကဲကလည်း မကြာခဏလမ်းညွှန်လျက်ရှိရာ မိမိတို့အတွက်ရော နိုင်ငံအတွက်ပါ လျင်လျင်မြန်မြန် အကျိုးရလဒ်ရရှိနိုင်မည့်လုပ်ငန်းများကို အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် လုံ့လဝီရိယတို့ စိုက်ထုတ်ကာ စုပေါင်းညီညာလုပ်ကိုင်သွားကြရန်လိုအပ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း မြို့နယ်အသီးသီးတို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးမြစိမ်းရောင်ကျေးရွာစီမံကိန်း ရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းတို့ ဆောင်ရွက်နေကြပြီဖြစ်ရာ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျသုံးစွဲကာ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ လုပ်ငန်းများ အောင်မြင် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် မတ် ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ အဌမနေ့အဖြစ် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ ဒုတိယနေ့အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့ကို စာရင်းသွင်း ၄၉၄ ပါး/ဦးအနက် ၂၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၇ ဒသမ ၂၉ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်း ၅၇၃၆၃ ပါး/ဦးအနက် ၄၅၈၀၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၈၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပထမဂန္ဓာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး



တာမွေမြို့နယ်ရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိဥက္ကလာသီရိကျောင်းတိုက်၊ သာကေတမြို့နယ်ရှိအောင်သီတာစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မြတ်သန္တာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းငမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သရက်ပင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေရတနာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ အောင်တော်မူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရှမ်းပိဋကတ်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သဲအင်းဂူကမ္မဌာန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## သင်္ကြန်ယိမ်းအဖွဲ့များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးဆောင်ရွက်

နေပြည်တော် မတ် ၂၉

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း "ခါသင်္ကြန်အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များအား ရိုက်ကူးရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ သင်္ကြန်တေးသီချင်းများဖြစ်သည့် "မင်္ဂလာရှိသော သင်္ကြန်၊ မန်းတောင်ရိပ်ခို" တေးသီချင်းများဖြင့် ရိုက်ကူးရေး ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်ရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများကရှင်းလင်းပြသမှုနှင့်အတူ မေးမြန်းမှုများအပေါ် ဖြေကြားခဲ့ကြသည်။

ယနေ့ မွန်းလွဲပိုင်းကလည်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်မှ ပျိုမေများ ယိမ်းအဖွဲ့က **"တူးပို့တူးပို့"** တေးသီချင်းဖြင့် လည်းကောင်း၊ ရန်ကင်းမြို့နယ် အခြေခံပညာကျောင်းများမှ ဆရာမများ၏ အလှမူယာယိမ်းအကအဖွဲ့က **"ကဲကြမယ် ဒီရေပွဲ"** တေးသီချင်းဖြင့် လည်းကောင်း ရိုက်ကူးရေး ဆောင်ရွက်ခဲ့ကြသည်။

သတင်းစဉ်




## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းတွင် အသိပညာပေးဆွေးနွေး

နေပြည်တော် မတ် ၂၉

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းများတွင် အသိပညာပေးအစီအစဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ ကော်မရှင်အဖွဲ့ဝင်များ ကြီးကြပ်လိုက်ပါလျက် ကော်မရှင်(ရုံးခွဲ) များမှ အရာထမ်းများက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်းကောင်း အသိပညာပေး ဆွေးနွေးရာ ဆရာ၊ ဆရာမများက မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြင်ဆင်ဖွဲ့စည်းပေးခဲ့**

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ပြင်ဆင်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၂၃)ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် **“သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး”**ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအတားအဆီးသည် **“တရားမဝင်ကုန်သွယ်မှုများ”** ဖြစ်ကြောင်း၊ ပြည်ပမှ တရားမဝင်တင်သွင်းမှုများကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု မရှိတော့သည့်အပြင် ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ၏ တိုးတက်မှုကို များစွာအဟန့်အတားဖြစ်စေကြောင်း၊ ထို့ပြင် ပြည်တွင်း MSME များမှ ထုတ်လုပ်သည့် ကုန်စည်များကို သွင်းကုန်အစားထိုးအသုံးပြုနိုင်ရန် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိအောင် အဓိကထိုးနှက်ဟန့်တားနှောင့်ယှက်နေမှုသည် အခွန်မဆောင်ဘဲ ပြည်ပက တရားမဝင်တင်သွင်းလာသည့် ကုန်စည်များဖြစ်ကြောင်း၊ အကောက်ခွန်မဲ့ တင်သွင်းလာသည့် ကုန်စည်များကို တားဆီး၊ စစ်ဆေး၊ အရေးယူနိုင်မှု မရှိလျှင် ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်မှု ဦးမော့လာရန် ခက်ခဲနေဦးမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူနိုင်မှသာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**ထိရောက်စွာ တားဆီးစစ်ဆေး**

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလက ဖမ်းဆီးရမိ အမှုတွဲ ၄၇၇ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဘီလီယံ ကျော်ဖြစ်ပြီး ဇန်နဝါရီလနှင့်နှိုင်းယှဉ်လျှင် အမှုတွဲ ၆၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၃ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် အမှုတွဲ ၂၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၆ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးနိုင်ခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများအနေဖြင့် ရေးဆွဲတင်ပြထားကြသည့် စီမံချက်များအတိုင်း ထိရောက်စွာ တားဆီးစစ်ဆေးဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း။

■ **တရားမဝင်ကုန်သွယ်မှုကို တားဆီးကြရသည့် ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းကြရမည်၊ ယခင်က တရားမဝင်ကုန်စည်များကိုသာ အဓိကအရေးယူဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါတရားမဝင်ကုန်စည်များ ဝင်ရောက်လာသည့်လမ်းကြောင်း၊ ဖြတ်သန်းလာသည့် စစ်ဆေးရေးဂိတ်များနှင့် ဖြတ်သန်းသယ်ဆောင်ပုံ နည်းလမ်းများကိုပါ နောက်ကြောင်းပြန်စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်**

■ **တရားမဝင်ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် တစ်နည်းနည်းဖြင့် ဖော်ထုတ်အရေးယူခံရမည်ကို အသိပေးလို၊ ထို့အတူ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေကြရမည်ဖြစ်ပြီး လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျစီမံဆောင်ရွက်ကြရမည်**

တစ်ဖက်တွင်လည်း ဖမ်းဆီးရမိမှုများ တိုးတက်လာခြင်းသည် တရားမဝင်ကုန်သွယ်မှုများ များနေသေးသည်ဟု ယေဘုယျသုံးသပ်ရမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အဓိကထိုးနှက်နေသည့် တရားမဝင်ကုန်သွယ်မှုများ ထိထိရောက်ရောက်နှင့် အရှိန်အဟုန်မြှင့် ပူးပေါင်းတားဆီးဆောင်ရွက်သွားကြရန် လိုကြောင်း။

**တရားမဝင် တင်ပို့၊ တင်သွင်းခြင်းများကျူးလွန်**

တရားမဝင်ကုန်သွယ်မှုများကို ဆောင်ရွက်နေကြသူများသည် ကုန်သွယ်မှုဆိုင်ရာ မူဝါဒ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၏ ဟာကွက်၊ ပျော့ကွက်နှင့် အားနည်းချက်များအပြင် ကုန်တင်ယာဉ်အားလုံး ရာနှုန်းပြည့် ကုန်ချစစ်ဆေးရန် မဖြစ်နိုင်သည့် အခြေအနေများနှင့် လုံခြုံရေးအရ ကန့်သတ်ချက်များအပေါ် အခွင့်ကောင်းယူ၍ နည်းမျိုးစုံ တရားမဝင် တင်ပို့၊ တင်သွင်းခြင်းများ ကျူးလွန်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရကြောင်း။

**ဟန်ချက်ညီညီ အသုံးပြုဆောင်ရွက်**

ယခင်က တရားမဝင်ကုန်စည်များကို စစ်ဆေးရာတွင် ဝန်ထမ်းအင်အားကို အဓိကအခြေခံ၍ စစ်ဆေးခဲ့ကြကြောင်း၊ ကုန်သွယ်မှုပမာဏ ကြီးမားသည့် စခန်းများတွင် ဝန်ထမ်းအင်အား ပိုမိုအသုံးပြု စစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အတွက် စခန်းအကြီး၊ အသေးအပေါ် မူတည်၍ တရားမဝင်ကုန်သွယ်မှုများ တားဆီးနိုင်ခြင်း ကွာခြားပါကြောင်း၊ ခေတ်စနစ်နှင့်အညီ အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်၊ ကုန်သွယ်ရေးဦးစီးဌာန၏ Myanmar Tradenet 2.0 နှင့် QR Code စနစ်များကို အသုံးပြုလာသည့်အတွက် ကုန်စည်စီးဆင်းမှု ပိုမိုမှန်ကန်မြန်ဆန်လာသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများ ပိုမိုထိရောက်စွာ တားဆီးအရေးယူနိုင်လာသည်ကို တွေ့ရကြောင်း၊ စစ်ဆေးမှုများဆောင်ရွက်ရာတွင် စနစ်နှင့် ဝန်ထမ်းကို ဟန်ချက်ညီညီ အသုံးပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ထိရောက်သည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဖြစ်လာမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် သမားရိုးကျ နည်းလမ်းများအပြင် ခေတ်နှင့်လျော်ညီသည့် နည်းစနစ်များကို အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် ကုန်စည်သယ်ဆောင်ရာတွင် ကွန်တိန်နာကိုသာ အသုံးပြုပြီး E-Lock စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ဆောလျင်စွာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ ထို့ပြင် တရားမဝင်တင်သွင်းလာသည့် ကုန်စည်များကို လက်လီလက်ကား အရောင်းဆိုင်များနှင့် Shopping Mall များမှတစ်ဆင့် ဈေးကွက်အတွင်း ဖြန့်ချိခြင်းနှင့် လက်လီရောင်းချခြင်းများ မပြုလုပ်စေရန် အသိပညာပေးခြင်း၊ သတိပေးခြင်း၊ တားဆီးခြင်း၊ စစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့အတွက် အချိန်ကာလသတ်မှတ်ဆောင်ရွက်ရန် အကြံပြုဆွေးနွေးကြစေလိုကြောင်း။

**စနစ်တကျ သုံးသပ်ဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ တစ်နှစ်ကျော်ကာလအတွင်း ဖမ်းဆီးရမိအမှုတွဲများအပေါ် သုံးသပ်ရာတွင် အများစုသည် ကုန်စည်အမျိုးအစားတူ တန်ချိန်ပိုမိုတင်ဆောင်ခြင်း (အပို)နှင့် တန်ဖိုးကြီးပစ္စည်းများကို အခွန်မဆောင်ဘဲ အခွန်ဆောင်ထားသည့် တန်ဖိုးနည်းပစ္စည်းတွေနှင့် ရောနှောသယ်ဆောင်ခြင်း (အလွဲ)များဖြစ်ကြောင်း၊ ထို့ကြောင့် တားဆီး၊ စစ်ဆေးရသည့် တာဝန်ကျဝန်ထမ်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအပြင် အတွေ့အကြုံ၊ ဆင်ခြင်တုံတရားများနှင့်ပါ စနစ်တကျ သုံးသပ်ဆောင်ရွက်တားဆီးစစ်ဆေးကြရမည် ဖြစ်ကြောင်း။

**တားဆီးအရေးယူ ဆောင်ရွက်**

နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို လိုက်ပါဆောင်ရွက်ခြင်းမပြုဘဲ တရားမဝင်နည်းလမ်းဖြင့် ကုန်သွယ်မှုဆောင်ရွက်လိုသည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်နည်းလမ်းပေါင်းစုံ အသုံးပြုဆောင်ရွက်ကြရာတွင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအချို့ကို ချဉ်းကပ်၍ စစ်ဆေးရေးစခန်းများကို ကျော်ဖြတ်ရန် ကြိုးပမ်းလာကြသည်ကို ဖြစ်စဉ်များအရတွေ့ရကြောင်း၊ စစ်ဆေးရန် တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများအနေဖြင့် တွေ့ကြုံရသည့် အခြေအနေများကို အနီးစပ်ဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များသို့လည်းကောင်း၊ အနီးဆုံး တိုင်းစစ်ဌာနချုပ်များသို့လည်းကောင်း အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်သတင်းပို့တင်ပြ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးအရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ချက်ချင်းတားဆီးရန် မဖြစ်နိုင်သည့် အခြေအနေကြောင့် လွတ်သွားသည့် တရားမဝင်ကုန်စည်များ သယ်ဆောင်လာသည့် ယာဉ်များကို နောက်ဆုံးရောက်နေသည့်နေရာအထိ သက်ဆိုင်ရာနယ်မြေခံ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် Network ချိတ်ဆက်၍ တားဆီးအရေးယူသွားကြရမည်ဖြစ်ကြောင်း။

**နှစ်နိုင်ငံ အစိုးရချင်းဆွေးနွေး**

နယ်စပ်ဖြတ်ကျော် တရားမဝင်ပို့ကုန်များ တစ်ဖက်နိုင်ငံသို့ မရောက်ရှိစေရေးနှင့် တရားမဝင်သွင်းကုန်များမိမိနိုင်ငံဘက်သို့ မဝင်ရောက်လာစေရေးအတွက် အိမ်နီးချင်းကောင်းပီသစွာ နှစ်နိုင်ငံအစိုးရချင်းဆွေးနွေးညှိနှိုင်း ပူးပေါင်းတိုက်ဖျက်ရန် လိုအပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ရည်မှန်းပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် မိမိတို့တစ်နိုင်ငံတည်း ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမဟုတ်ဘဲ နိုင်ငံတိုင်းလိုလို ရင်ဆိုင်နေကြရသည့် ကိစ္စရပ်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုကို တားဆီးအရေးယူဆောင်ရွက်ရာတွင် အခြားနိုင်ငံများ၏ နည်းလမ်းကောင်းများကို လေ့လာပြီး မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီမည့် နည်းလမ်းများကို ဖော်ထုတ်အသုံးချ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုကို တားဆီးကြရသည့် ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းကြရမည်ဖြစ်ကြောင်း၊ ယခင်က တရားမဝင်ကုန်စည်များကိုသာ အဓိကအရေးယူဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါတရားမဝင်ကုန်စည်များ ဝင်ရောက်လာသည့်လမ်းကြောင်း၊ ဖြတ်သန်းလာသည့် စစ်ဆေးရေးဂိတ်များနှင့် ဖြတ်သန်းသယ်ဆောင်ပုံ နည်းလမ်းများကိုပါ နောက်ကြောင်းပြန်စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် တစ်နည်းနည်းဖြင့် ဖော်ထုတ်အရေးယူခံရမည်ကို အသိပေးလိုကြောင်း၊ ထို့အတူ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေကြရမည်ဖြစ်ပြီး လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျစီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်ဘဏ္ဍာလည်း ဆုံးရှုံးရ**

ဖမ်းဆီးရမိကုန်စည်များ ခန့်မှန်းတန်ဖိုးတွက်ချက်ရာတွင် ဖောင်းပွမှုမရှိစေရေး ဂရုပြုကြရန်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန် တန်ဖိုးသတ်မှတ်ကြရမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နိုင်ငံတော်က ရရှိရန်လိုအပ်ကြောင်း၊ ဖမ်းဆီးမှုများရှိပြီး လေလံမတင်မီ ဖမ်းဆီးပစ္စည်းများ ပျက်စီးဆုံးရှုံးသွားမည်ဆိုပါက ဖမ်းဆီးပေးသူများ၏ ကြိုးစားအားထုတ်မှုများသည် အချည်းနှီးဖြစ်ရပြီး နိုင်ငံတော်ဘဏ္ဍာလည်းဆုံးရှုံးရကြောင်း၊ ထို့ကြောင့် ဖမ်းဆီးရမိပစ္စည်းများကို တာဝန်ယူဆောင်ရွက်ကြရသည့် ဌာနများအနေဖြင့် စနစ်တကျ ကြပ်မတ်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အရေးပါသော အခန်းကဏ္ဍမှပါဝင်နေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် **“တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး”သည်** အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ယခုထက် ပိုမိုတားဆီး၊ စစ်ဆေး၊ အရေးယူဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ရေရှည်တွင် တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် Box Truck၊ ကွန်တိန်နာများကို အသုံးပြုပြီး ကုန်သွယ်မှုပြုစေခြင်း၊ ခေတ်မီနည်းပညာများကို အသုံးပြုခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဆွေးနွေးညှိနှိုင်းခြင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များ ဈေးကွက်အတွင်း လက်လီ၊ လက်ကား ရောင်းချမှုမရှိစေရေး တားဆီး၊ စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တာဝန်ရှိသူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဦးဆောင်ကော်မတီသို့ သတင်းပေးပို့ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်၊ ပဲခူးတိုင်းဒေသကြီးမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်လင်းထွန်း၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဆုံးဖြတ်ချက်(မူကြမ်း)များ ဖတ်ကြား**

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၂၃) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပညာရေးညီလာခံ(၂၀၂၃)ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၉**

ပညာရေးညီလာခံ (၂၀၂၃)ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ကျင်းပရန် စီစဉ်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး ကောင်းမွန်စေရေးအတွက် ရည်ရွယ်ကျင်းပသည့် ပညာရေးညီလာခံကို ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ နေပြည်တော်၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၁၂) ရပ်အနက်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး" ဦးတည်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပညာရေးညီလာခံကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်အတွက် ကျောင်းနေအရွယ်ကလေးအားလုံး KG+9 မဖြစ်မနေ ပြီးမြောက်အောင်မြင်ရေး၊ ပညာသင်ယူမှု အခွင့်အလမ်းများ မြှင့်တင်ရေး၊ ကျောင်းတက်ရောက်သူဦးရေ ပိုမိုတိုးတက်လာစေရေး၊ KG+9 အလွန် ပညာရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ သက်မွေးပညာ စဉ်ဆက်မပြတ် သင်ယူလေ့ကျင့်ရေး၊ အဆင့်မြင့်ပညာ တိုးတက်အောင်မြင်ရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရေး၊ အရည်အသွေးရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းလေ့ကျင့် ပျိုးထောင်ရေး အစရှိသည့် ဆွေးနွေးပွဲခေါင်းစဉ်များကို အသေးစိတ် ဝိုင်းဝန်းဆွေးနွေး သတ်မှတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အနာဂတ်ပညာရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာရေးဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ညီလာခံစာတမ်း ဖတ်ကြားဆွေးနွေးရေးနှင့် ပြခန်းများခင်းကျင်းပြသရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ဆွေးနွေးညှိနှိုင်း**

ယင်းနောက် ဆက်စပ်ဝန်ကြီးဌာနများမှ အစည်းအဝေးတက်ရောက်လာသူများက ညီလာခံဆွေးနွေးပွဲခေါင်းစဉ်တစ်ခုချင်းစီအလိုက်လည်းကောင်း၊ ပညာရေးကဏ္ဍများကို အုပ်စုလိုက် လည်းကောင်း အသေးစိတ်ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြန်လည်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## သဲကုန်းမြို့နယ်၌ တိုင်းရင်းဆေးကုသရေးအဖွဲ့ ကွင်းဆင်းကုသ

**သဲကုန်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ယနေ့နံနက်ပိုင်းက မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းရှိ သာသနာ့နွယ်ဝင်သီလရှင်ဆရာလေးများ၊ ယောဂီများအား တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းကုသ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမော်နှင့် ဝန်ထမ်းများဆောင်ရွက်ပေးသည်။ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဦးစီးမှူးက ရာသီအလိုက်ဖြစ်ပွားလေ့ရှိသော ရောဂါများကာကွယ်ရေးအတွက် ဆောင်ရန် ရှောင်ရန်များကို ဆွေးနွေးဟောပြော၍ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြဝတီမြို့၌ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကျင်းပ

**မြဝတီ မတ် ၂၉**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်နိုင်ရန်အတွက် အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ ရက်က ကျင်းပခဲ့သည်။(ဓါတ်ပုံ)



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မင်းစိုးက အမှာစကားပြောကြားပြီး သင်တန်းကျင်းပရခြင်းနှင့် ပတ်သက်၍ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ဆွေးနွေးပြောကြားသည်။

အဆိုပါ သင်တန်းတွင် နည်းပြ ၁၃ ဦး၊ သင်တန်းသား သင်တန်းသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမ ၃၆၆ ဦး တက်ရောက်လျက်ရှိပြီး အဆိုပါသင်တန်းကို မတ် ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ဂွမြို့၌ စိုက်ပျိုးရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ပို့ချ

**ဂွ မတ် ၂၉**

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ကျေးရွာကြီးကြပ်မှုကော်မတီဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။ **(ယာပုံ)**



မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ကျေးရွာအဆင့် စီမံကိန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်သောကြောင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအဆင့် စီမံကိန်းအဖွဲ့ဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက ပြောကြားသည်။

အဆိုပါသင်တန်းကို စိုက်ပျိုးရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာများဖြစ်သည့် ကွင်းလျားရှည်၊ ကျောက်ကြီး၊ ချင်းကုန်း၊ ရွှေဦးကွင်း၊ ရတနာမြိုင်၊ ကျောက်ခေါင်းကွင်း ကျေးရွာများမှ ကျေးရွာကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မတ် ၂၉**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဦးလှမောင်ရွှေ၊ ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် အထောက်အကူပြုအဖွဲ့ဝင် ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၊ NCA–S–EAO အလွတ်သဘော ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း(RCSS)၊ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် စောမြရာဇာလင်း(ALP)နှင့် နိုင်အောင်မငေး(NMSP)၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောကျော်သန်းဌေး (DKBA)၊ စောကျော်ညွန့်(KNU/KNLA–PC)၊ ကျာဖူး(LDU)၊ ခွန်မင်းသိန်း(PNLO)နှင့် အထောက်အကူပြု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ နှစ်ရက်တာအတွင်း အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ဆိုင်ရာကိစ္စ၊ ဖက်ဒရယ်အခြေခံမူများကိစ္စ၊ အရပ်သားများကာကွယ်ပေးရေးဆိုင်ရာကိစ္စ၊ နှစ်ဖက်ဘုံသဘောတူညီချက်များရရှိနိုင်ရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စ၊ ရွေးကောက်ပွဲကျင်းပရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကိစ္စနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ အခြေခံကျသော ပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များအား နှစ်ဖက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားစုစည်းချက်များအား မှတ်တမ်းတင်ကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**





# (၇၈)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၂၉**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၈) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘောဂသီရိ အဝေးပြေးကားကွင်းအနီးရှိ မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အနီး မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအနီး လမ်းဆုံတွင်လည်းကောင်း၊ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်းကောင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။ စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာ စိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ (၇၈) နှစ်မြောက် တပ်မတော်နေ့ တံဆိပ်ကြီးကိုလည်းကောင်း၊ ပန်းအလှများဖြင့် ခြယ်သထားပြီး စစ်ရေးပြကွင်းကြီးအတွင်းတွင်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ရောင်စုံအလံများကိုလည်း လွှင့်ထူထားသည့်အပြင် မီးထွန်းညှိထားသည့် တပ်မတော်နေ့ မီးရှူးတိုင်ကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

ထို့အပြင် ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၈) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များနှင့် လက်နက်ပုံစံတူများကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ ကျေးရွာချင်းဆက်တံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပလက်ဝ မတ် ၂၉**

ချင်းပြည်နယ် ပလက်ဝမြို့နယ် တမန်းသားစံပြကျေးရွာတွင် ကျေးရွာချင်းဆက်လမ်း သစ်သားတံတားဖွင့်ပွဲကို ယနေ့နံနက်က အဆိုပါတံတား၌ ကျင်းပသည်။ အဆိုပါတံတားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးမင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန်းစိုးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ဝဲပုံ)

ပလက်ဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်နေပြည်သူများ လူမှုဘဝအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) စီစဉ်ထောက်ပံ့ငွေဖြင့် အလျား ပေ ၆၀ ၊ အနံ ခြောက်ပေ၊ အမြင့် ကိုးပေရှိ သစ်သားတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို ငွေကျပ် သိန်း ၁၀၀ အကုန်ကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားလွှတ်တော် ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ကျင်းပ

**နေပြည်တော် မတ် ၂၉**

တရားလွှတ်တော် ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ ရပ်ကွက် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း Cluster-1, တိုက်အမှတ်(၆)ရှိ တရားလွှတ်တော်ရှေ့နေများ ကောင်စီရုံး၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး ဦးဆောင်၍ ကောင်စီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေများအပေါ် တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀ (၁) အရ ထိုက်သင့်သည့် အရေးယူမှုပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သဘောထားတောင်းခံသည့်ကိစ္စနှင့် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၁၂၃ ဦးတို့ကို ကန့်ကွက်ရန် ရှိ/မရှိ သဘောထားတောင်းခံသည့် ကိစ္စတို့ကို ကောင်စီဝင်တစ်ဦးချင်းစီထံ သဘောထား တောင်းခံထားပြီးဖြစ်ကြောင်း၊ ကောင်စီဝင်များ၏ သဘောထားမှတ်ချက်များအပေါ် ယခုအစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း။

ဥပဒေပညာဌာနက Online ဖြင့် ဖွင့်လှစ်သင်ကြားသည့် ဘွဲ့လွန်ဥပဒေပညာ ဒီပလိုမာသင်တန်း Post Graduate Diploma in Law (P.G.D.L) အောင်မြင်ပြီးသူ အထက်တန်းရှေ့နေများက တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် ကိစ္စများ၊ ဘွဲ့လွန်ဥပဒေပညာ ဒီပလိုမာသင်တန်း Post Graduate Diploma in Law (P.G.D.L) မဟုတ်သည့် ဘွဲ့လွန်ဒီပလိုမာ Post Graduate Diploma (DL) ရရှိပြီးသူ အထက်တန်းရှေ့နေတစ်ဦးက တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စနှင့် UN



အဖွဲ့အစည်းလက်အောက်တွင် အမှုလိုက်ပါဆောင်ရွက်လျက်ရှိသည့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ၏ ကိစ္စရပ်များကို ဆွေးနွေးရန်ရှိကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တရားလွှတ်တော် ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော် ရှေ့နေများကောင်စီအဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသည့် ဦးဝင်းအောင်၊ ဒေါ်ခင်နုသာ၊ ဦးလှဟန်၊ ဦးစိုးသိန်း၊ ဦးဝင်းဖေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးနှင့် တရားလွှတ်တော် ရှေ့နေများကောင်စီအတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီသီမြင့်တို့က ပြန်လည်ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၉**

၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို လူမှုစီးပွားဆိုင်ရာ စာရင်းအင်း အချက်အလက်များအား ဆန်းစစ်ခြင်းဖြင့် သိရှိနိုင်ခြင်းကြောင့် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်စွာ ရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို သန်းခေါင်စာရင်းကောက်ယူခြင်းမှသာရရှိနိုင်ပြီး ယင်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုဆောင်ရွက်ရပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီးနောက် ၁၀ နှစ်အကြာ ဖြစ်သည့် ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရန် အချိန်ကျရောက်ပြီဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ဆောင်ရွက်နေပြီဖြစ်ပြီး သန်းခေါင်စာရင်းလုပ်ငန်းစဉ် တစ်ခုလုံးအနေဖြင့် စုစုပေါင်း ၅၄ လခန့် ကြာမြင့်မည်ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်ကို မိမိတို့ဝန်ကြီးဌာနမှ ဦးဆောင်၍ အခြားသော ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဗဟိုသန်းခေါင်စာရင်း ကော်မတီကိုလည်း ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေနှင့်အညီ ကော်မတီအဆင့်ဆင့်ဖြစ်သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အဆင့်အထိ သန်းခေါင်စာရင်း ကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းနိုင်ရေး ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးက ဗဟိုသန်းခေါင်စာရင်း ကော်မတီဖွဲ့စည်းရေးနှင့် သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကော်မတီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်ရေးအတွက် ဌာနအလိုက်ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်၊ ကော်မတီအဆင့်ဆင့်တွင် ဌာနအလိုက်ပါဝင်ဖွဲ့စည်း ဆောင်ရွက်မည့် အခြေအနေ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တောင်ကြီးမြို့၌ နွေရာသီ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ပန်းချီနှင့် စစ်တုရင် အခမဲ့သင်တန်းပေး

**တောင်ကြီး မတ် ၂၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိရေးအတွက် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိရာ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ပန်းချီနှင့် စစ်တုရင်သင်တန်းကို မတ် ၂၀ ရက်နံနက်မှ စတင်ပို့ချလျက်ရှိပြီး သင်တန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာနဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက နွေရာသီကျောင်းပိတ်ထားသည့် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါနွေရာသီသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၇၄ ဦး တက်ရောက်ပြီး ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းများကို မတ် ၂၀ ရက်မှ မေ ၁၇ ရက်အထိလည်းကောင်း၊ စစ်တုရင် သင်တန်းကို မတ် ၂၀ ရက်မှ ဧပြီ ၇ ရက်အထိလည်းကောင်း အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အကယ်ဒမီပေးပွဲစင်မြင့် တည်ဆောက်ခြင်း၊ Lighting နှင့် Sound System ၊ Stage Design ရေးဆွဲထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

**နေပြည်တော် မတ် ၂၉**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် Nebula X Entertainment Co., Ltd. က နည်းပညာမြင့် 3D Projection Mapping ဖြင့် အကယ်ဒမီပေးပွဲစင်မြင့် တည်ဆောက်ခြင်း၊ Lighting နှင့် Sound System၊ Stage Design ရေးဆွဲထားမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို မတ် ၂၈ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းနှင့် အကယ်ဒမီများရှင် ရန်အောင်၊ ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် Nebula X Entertainment Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို သုံးနှစ်စာပေးအပ်သွားမည်ဖြစ်ရာ ဆုပေးပွဲကို ခမ်းခမ်းနားနား အဆင့်မြင့်စွာဖြင့် နိုင်ငံတော်အဆင့် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခင်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားများကို မြန်မာ့ရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းရှင်များ အပါအဝင် အနုပညာလောကသားများ အခက်အခဲရှိနေသည့်အတွက် နိုင်ငံတော်က မတည်၍ ရွှေစင်ရုပ်တုအားလုံးနှင့် ကုန်ကျစရိတ်များကို ထုတ်နုတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် အနုပညာကို ချစ်မြတ်နိုး၍ ပူးပေါင်းဆောင်ရွက်လိုသူများရှိပါကလည်း မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် သမားရိုးကျပုံစံမျိုးထက် ခေတ်နှင့်လျော်ညီသည့် နည်းပညာပိုင်းများ၊ Lighting များ၊ Program များဖြင့် စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရန် အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် Nebula X Entertainment Co., Ltd. မှ တာဝန်ရှိသူများက ယခုနှစ်ကျင်းပမည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ ခမ်းနားလှပစေရန်အတွက် Design Concept များ ဆောင်ရွက်ထားရှိမှု၊ 3D Projection Mapping စနစ် အသုံးပြုမည့်အစီအစဉ်နှင့် အကယ်ဒမီပေးပွဲစင်မြင့်တည်ဆောက်ထားမှု၊ Stage Design ရေးဆွဲထားမှု၊ ကော်ဇောနီလမ်းကြောင်းအတွက် စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာ စင်ရော်မောင်မောင်တို့က အကယ်ဒမီ ရွှေကြိုများ စိစစ်ရွေးချယ်ထားရှိမှု၊ ရုပ်ရှင်ထူးချွန်ဆု စာရင်းဝင် ရုပ်ရှင်ဇာတ်ကားများအား ပရိသတ်များ စိတ်ဝင်စားမှုရှိစေရန် performance များဖြင့် တင်ဆက်ရန် စီစဉ်ထားမှု၊ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးသည် ရေလှောင်တမံပေါင်း ၃၉ ခုရှိ၍ ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ ပေါကြွယ်ဝ

**ပဲခူး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းထံသို့ Golden Sunshine Co., Ltd. မှ ပဲခူးမြို့၌ ရေပေါ်ဆိုလာ လျှပ်စစ်ဓာတ်အား ပေးလုပ်ငန်း ဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက လာရောက် ရှင်းလင်းတင်ပြရာ တော်ဝင်ဟံသာအစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ဦးစွာ Golden Sunshine Co., Ltd. ၏ ဒါရိုက်တာဦးကောင်းထက်ဝေယံက တရုတ်နိုင်ငံ အခြေစိုက် CSEPDI Co., Ltd. နှင့် အကျိုးတူပူးပေါင်း၍ ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအဖြစ် ပဲခူးမြို့ မဇင်းရေလှောင်တမံတွင် ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ရေပေါ်ဆိုလာ လျှပ်စစ်ဓာတ်အား ပေးလုပ်ငန်း ဆောင်ရွက်ရန် နှင့် မဟာဓာတ်အားလိုင်းသို့ ပြန်လည်ပို့လွှတ်မည့် အစီအစဉ် အသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များနှင့် ပတ်သက်၍ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ ရေပေးဝေနေမှု အခြေအနေများ၊ အနာဂတ် စီမံကိန်းများနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များကို အကြံပြု တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ကာ ရေလှောင်တမံပေါင်း ၃၉ ခုရှိ၍ ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ ပဲခူးမြို့နယ်တွင် ပြည်တွင်း ပြည်ပ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ ရှိပြီး ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ပါက နိုင်ငံတော် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအတွက်လည်း အကျိုးရှိကြောင်း၊ ရေပေါ်ဆိုလာစနစ်ဖြစ်၍ ရေလှောင်တမံအတွင်း ရေငွေ့ပျံမှု လျော့နည်းကာ စိုက်ပျိုးရေပေးဝေမှုကို ထိခိုက်နိုင်မှုမရှိသည့်အပြင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကိုလည်း သက်သာစေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပဲခူးမြို့ မဇင်းရေလှောင်တမံတွင် ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် လုပ်ငန်းစီမံချက်အပေါ် ကြိုဆိုပါကြောင်းနှင့် လိုအပ်သည်များအား ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကာ ပြောကြားခဲ့ကြောင်း သိရသည်။




**တင်စိုး(ပဲခူး)**



# နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မတ် ၂၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေးဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ် နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ အထကကျောင်းရှေ့၊ ပြည်တော်သာရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ်(၂၀၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)၏ အလံပုံစံ**



**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ်(၂/၂/၂၃၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ အလံပုံစံ**



**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန်(၁)လမ်း၊ လန်းဆန်းအိမ်ရာ၊ အမှတ် (A/၄၀၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏ အလံပုံစံ**




**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ရွှေဒါးကုန်းလမ်း၊ အမှတ် (၂၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်ပြည်သူ့ပါတီ (KPP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်ပြည်သူ့ပါတီ (KPP)၏ အလံပုံစံ**



ကရင်ပြည်သူ့ပါတီ (KPP)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်(၁၀၀/ ၁၀၁)၊ အခန်း(၁၀၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)၏ အလံပုံစံ**



ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ ပထမထပ်၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)၏ အလံပုံစံ**



ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပို့ကုန်လိုင်စင်များ အလိုအလျောက်ခွင့်ပြုထုတ်ပေးမည့် Tradenet 2.0 စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မတ် ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးကို အထောက်အကူဖြစ်စေရန် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အွန်လိုင်းမှ လျှောက်ထားထုတ်ယူနိုင်သော Tradenet 2.0 စနစ်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ရာ ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုများကို လုပ်ငန်းရှင်များသိရှိနိုင်ရန် အသိပညာပေးရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။





**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းဦးက ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ လိုင်စင်စနစ်အားလုံးကို နေရာဒေသမရွေး စနစ်တစ်ခုတည်းအသုံးပြုနိုင်ရေး၊ လက်ရှိ ခေတ်စနစ်၊ မူဝါဒလုပ်ထုံးလုပ်နည်းများ၊ WTO,ASEAN အဖွဲ့အစည်းများမှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် Inline ဖြစ်စေရေး၊ National Single Window စနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် လိုင်စင်စနစ်အား Re-engineering ပြုလုပ်ရန်အတွက် ၂၀၂၀ပြည့်နှစ် နိုဝင်ဘာလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းနှင့် Myanmar Tradenet 2.0 စနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝက UMFCCI အနေဖြင့် ဌာနနှင့်ပူးပေါင်းဆောင်ရွက်နေမှုနှင့် ပို့ကုန်/သွင်းကုန်ကဏ္ဍ၌ လိုင်စင်လျှောက်ထားခြင်း အရေးပါမှုတို့ကိုလည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက HS 2022 Version တွင် Automatic, Non-Automatic သတ်မှတ်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်က Tradenet 2.0 စနစ်မှ အလိုအလျောက် ပို့ကုန်လိုင်စင်ခွင့်ပြုထုတ်ပေးခြင်းနှင့်ပတ်သက်၍ စနစ်အသုံးပြုမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**မေးမြန်းဖြေကြား**

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များနှင့် အွန်လိုင်းမှတက်ရောက်သူများက သိရှိလိုသည်တို့ကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ပို့ကုန်လိုင်စင်လျှောက်ထားရမည်**

Tradenet 2.0 စနစ် အဆင့်မြှင့်တင်ခြင်း၏ ပထမအဆင့်တွင် လက်ရှိအသုံးပြုလျက်ရှိသည့် HS 2017 Version မှ 2022 Version သို့ ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပြီး ယခင်ကလိုင်စင်လျှောက်ထားရန်မလိုဘဲ ပို့ကုန်ကြေငြာလွှာ (ED) ဖွင့်လှစ်၍ တင်ပို့နေသော ကုန်ပစ္စည်းများအားလုံး ပို့ကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ကြောင်း၊ Automatic ကုန်စည်အဖြစ် သတ်မှတ်ထားသော ကုန်စည်များကို ပို့ကုန်လိုင်စင်လျှောက်ရာ၌ ဌာန၏ဝန်ထမ်းမှ စိစစ်ရန်မလိုဘဲ စနစ်မှအလိုအလျောက်စစ်ဆေး၍ ခွင့်ပြုသွားမည်ဖြစ်ပြီး Non-Automatic ကုန်စည်အဖြစ်သတ်မှတ်ထားသော ကုန်စည်များကို ယခင် Tradenet 2.0 တွင် လိုင်စင်လျှောက်ထားသကဲ့သို့ ပုံမှန်အတိုင်းဆောင်ရွက်ကာ သက်ဆိုင်ရာ ဝန်ထမ်းများမှ သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပို့ကုန်ပိုင်း၌ ပင်လယ်ရေကြောင်းနှင့် နယ်စပ်နေရာနှစ်နေရာလုံးတွင် လိုင်စင်လျှောက်ထားရမည်ဖြစ်ပြီး မြန်မာ့အကောက်ခွန်နှုန်းထားစာရင်း ၂၀၂၂ အရ ကုန်စည်လိုင်းပေါင်း ၁၁၈၄၉ လိုင်းတွင် ၁၀၂၉၃ လိုင်းကို Automatic ကုန်စည်များအဖြစ် ခွင့်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဒုတိယအဆင့်အနေဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားမှုအပိုင်းကို ခွဲတမ်း (Quota) နှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီအလိုက် ခွင့်ပြုချက်ရရှိထားသော Quota အရေအတွက်နှင့် လိုင်စင်လျှောက်ထားမှုကို စနစ်မှအလိုအလျောက်စစ်ဆေးပြီး လက်ကျန်စိစစ်ထုတ်ပေးနိုင်သည့်အဆင့်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်ထုတ်ပေးမှုကိုလည်း စနစ်မှအလိုအလျောက်ထုတ်ပေးနိုင်ရေး အဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ထောက်ခံချက်ဖြင့်ထုတ်ပေးသည့် CMP လိုင်စင်များနှင့်ပတ်သက်၍ MIA အသင်း၏ Online စနစ်ဖြင့် Tradenet 2.0 စနစ်တို့ကို စနစ်အချင်းချင်းချိတ်ဆက်နိုင်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ခွင့်ပြုသည့်အချိန်တွင် အခွန်ထမ်းမှတ်ပုံတင်ထားခြင်းရှိ/ မရှိစစ်ဆေး၍ ခွင့်ပြုနိုင်ရေးအတွက် ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ထမ်းမှတ်ပုံတင်စနစ်ဖြင့်လည်း ချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လိုင်စင်ဆိုင်ရာထောက်ခံချက်ပေးသော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ e-Submission စနစ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ Myanmar Agricultural Imports Registration (MAIRS)စနစ်တို့နှင့် စနစ်အချင်းချင်းချိတ်ဆက်၍ လိုင်စင်ဆိုင်ရာ ထောက်ခံချက်များကို အပြန်အလှန်ချိတ်ဆက်ရယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကာ ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးချေမှုတွင် MPU e-Commerce Pay စနစ်အပြင် လုပ်ငန်းရှင်များအနေဖြင့် မည်သည့်ငွေပေးချေမှုနှင့်မဆို ဆောင်ရွက်နိုင်ရန် MCB Citizen Pay စနစ်ဖြင့် ပေးချေနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧပြီလ ၁ ရက်နေ့မှစ၍ စတင်အသုံးပြုနိုင်ရေးကို လျာထားဆောင်ရွက်လျက်ရှိကြောင်း။

**Automatic လိုင်စင်ထုတ်ပေးခြင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်စေရေးအတွက် Automatic လိုင်စင်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုပါက သတ်မှတ်ရက်အတွင်း လိုင်စင်ထုတ်ယူရမည်ဖြစ်ကာ သတ်မှတ်ရက်အတွင်း မထုတ်ယူပါက ဆတိုးဒဏ်ကြေးများကုန်ကျမည့်အပြင် သုံးလအတွင်း လိုင်စင်ထုတ်ယူမှုမရှိသော ငါးကြိမ်ဖြစ်ပေါ်သည့် ကုမ္ပဏီများအား အမိန့်ကြော်ငြာချက် (၂၀/၂၀၂၂) ပါအတိုင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို ခြောက်လယာယီရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ-ကနူး

# တာမွေမြို့နယ်၌ မြို့နယ်အဆင့် အခြေခံပညာ (မူလတန်း) ဘာသာရပ်စွမ်းရည်မြင့် ဆွေးနွေးပွဲကျင်းပ

**တာမွေ မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဆရာ ဆရာမများအား အခြေခံပညာ(မူလတန်း) ဘာသာရပ်များကို သင်တန်းနည်းပြများနှင့်အတူ ပူးပေါင်းပါဝင် ဆွေးနွေးနိုင်စေရန်နှင့် သင်တန်းနည်းပြများက ဦးဆောင်၍ သင်ကြားရေးတွင် ကျောင်းသား ဗဟိုပြုနည်းဖြင့် ပါဝင်ဆွေးနွေးနိုင်စေရန်အတွက် ရည်ရွယ်၍ ယမန်နေ့က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာ (မူလတန်း) ဘာသာရပ်စွမ်းရည်မြင့်ဆွေးနွေးပွဲ ဖွင့်ပွဲကို တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဖွဲ့ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူခိုင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာ (မူလတန်း) ဘာသာရပ်စွမ်းရည်မြင့်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အခြေခံပညာ (မူလတန်း) ဘာသာရပ်များအလိုက် ဆွေးနွေးခြင်းကို ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ မူလတန်းကျောင်းအုပ်ကြီးများ၊ မူလတန်းပြများ၊ ဒုတိယမူလတန်းပြများ၊ လက်ထောက်မူလတန်းပြများနှင့် ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ နားမကြားသော ကလေးများကျောင်း (ရန်ကုန်) တို့မှ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၁၅၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၈ ရက်မှ မတ် ၃၁ ရက်အထိ ဖြစ်သည်။ သင်တန်းတွင် KG သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံ၊ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်များ၊ ကလေးဗဟိုပြုချဉ်းကပ်နည်းများ၊ ကစားခြင်းဖြင့် သင်ယူနည်းများ၊ အခြေခံပညာ(မူလတန်း) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေး ဘာသာရပ်များ၏ သင်ခန်းစာဖွဲ့စည်းပုံ၊ သင်ကြားနည်းများ၊ စစ်ဆေး အကဲဖြတ်ခြင်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။



ကိုတွတ်(ပြန်/ဆက်)

# ပေါက်တောမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက်မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ပေါက်တော မတ် ၂၉**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးမြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့နယ်ကြီးကြပ်ရေးကော်မတီမှ ကျေးရွာကြီးကြပ်မှုကော်မတီသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျန်အေးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သန်းဌေးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြင့်ဂါရွာဟောင်းကျေးရွာ၊ စက်ကြီးနိုးကျေးရွာ၊ ရှင်ရွာကျေးရွာ၊ ပိန္နဲချောင်းကျေးရွာနှင့် ယာတိုက်ကျေးရွာများသို့ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၃၀၀၀ ကို တာဝန်ရှိသူ မြို့နယ်ကြီးကြပ်ရေးကော်မတီမှ ကျေးရွာကြီးကြပ်မှုကော်မတီသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်ပြီး ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ သင်တန်းဖွင့်လှစ်ပြီး နိုင်ငံ့စီပွားမြှင့်တင်ရေး မတည်ရန်ပုံငွေဖြင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# သမ္မာဒိဋ္ဌိ မှန်ကန်သောအမြင်နဲ့ မှန်ကန်စွာ တွေးတောဆင်ခြင်ခြင်း သမာသကျ်ပွ ဆိုရာဝယ်

မောင်မောင်လင်း (သံအမတ်ကြီး)

**ဗုဒ္ဓမြတ်စွာဘုရားဟာ ပထမဆုံးတရားဖြစ်တဲ့ ဓမ္မစကြာတရားဟောတဲ့အချိန်မှာ မဂ္ဂင်ရှစ်ပါးကို အဓိကထား ဟောထားခဲ့တယ်။ ဒါဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ တံခါးကြီးဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါးထဲမှာ မြတ်စွာဘုရားက အဓိကထားပြီး ဟောလိုက်တာက သမ္မာဒိဋ္ဌိ မှန်ကန်တဲ့အမြင်၊ မှန်မှန်ကန်ကန် နားလည်သဘောပေါက်ခြင်း အသိပညာပဲ ဖြစ်တယ်။**

ပြဿနာတစ်ခုခုကို ဖြေရှင်းရတော့မယ်ဆိုရင် အဲဒီပြဿနာကို မှန်မှန်ကန်ကန် နားလည်ဖို့ဆိုတာ အရေးကြီးဆုံးပဲ။ ဘယ်အရာပဲဖြစ်ဖြစ် ပြဿနာတစ်ခုရှိလာပြီဆိုတာနဲ့ နံပါတ်တစ် "ပြဿနာကို ပြဿနာလို့မြင်မှသာ" ဖြေရှင်းဖို့ ကြိုးစားမှာလေ။ ပြဿနာလို့ မမြင်ထားရင် ဖြေရှင်းဖို့ကြိုးစားမှာ မဟုတ်ဘူး။ သစ္စာလေးပါးနဲ့ ပြောမယ်ဆိုရင်တော့ ဘဝကို ဒုက္ခလို့မြင်မှသာ အဲဒီဒုက္ခက လွတ်မြောက်ဖို့ လမ်းရှာမှာပေါ့။ မမြင်ရင် တွယ်တာပြီး ဖက်တွယ်ထားမိမှာပေါ့။ မြင်လာတဲ့အခါကျတော့ အကြောင်းတရားက ဘာလဲဆိုတာ ရှာလာမယ်။ ဘာကြောင့်ပြဿနာဖြစ်တာလဲ ဆိုတာရှာမယ်။ ပြဿနာကို ပြေလည်သွားဖို့နည်းလမ်း ဆိုတာကိုလည်းမြင်တယ်။ သစ္စာလေးပါးဆိုတာ အဲဒါကိုပြောတာပါ။

**မှန်ကန်သောအမြင်ကို မြတ်စွာဘုရားက ဟောကြားခဲ့**

ဒုက္ခဆိုတာကို တွေ့ပြီးရင် ဒုက္ခရဲ့အကြောင်းတရား၊ ဒုက္ခချုပ်ငြိမ်းသွားခြင်းရဲ့ အကြောင်းတရားနဲ့ ဒုက္ခချုပ်ငြိမ်းခြင်းသို့ ရောက်စေတဲ့ အကြောင်းတရားကိုလည်း သိရမှာဖြစ်တယ်။ ဒါကြောင့် မှန်ကန်သောအမြင် ဆိုတာကို မြတ်စွာဘုရားက သစ္စာလေးချက်သာ ဖြစ်တယ်လို့ ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။

လောကီကိစ္စတွေဖြစ်တဲ့ နေ့စဉ်ဘဝမှာလည်း တကယ်စဉ်းစားရင် ဒီလေးချက်ပဲဆိုတာ တွေ့ရမှာပါ။ ဥပမာအားဖြင့် ဆရာဝန်တွေ ဆေးကုပေးတဲ့အခါ ဗိုက်ထဲကနာနေတယ်ဆိုတာ ပြဿနာ၊ ဗိုက် ဘာကြောင့် နာရတာလဲ၊ ဒါကို ပျောက်အောင်ကုနိုင်လား၊ ကုလို့ မရဘူးလား၊ ပျောက်အောင်ကုနိုင်တယ်ဆိုရင် ဘယ်နည်းနဲ့ပျောက်အောင် ကုမလဲဆိုတာ ရှာရမယ်လေ။ ဒါသစ္စာလေးပါးစနစ်ဖြစ်တယ်လို့ ဆရာတော်ကြီးက ဟောကြားတာ နာဖူးခဲ့ပါတယ်။

ဒါကြောင့်လည်း သမ္မာဒိဋ္ဌိ၊ မှန်ကန်သောအမြင် ဆိုတာကို ရဖို့ဆိုရင် တကယ့်ပညာရှိသူတော်ကောင်းလို့ဆိုတဲ့ သူတစ်ပါးထံမှ မှန်ကန်စွာ ဟောပြတဲ့ တရားသံကို နာခံမှုရှိရမယ်။ တရားနာတာဟာ သမ္မာဒိဋ္ဌိ ရဖို့ အကြောင်းတစ်ခုပဲဖြစ်တယ်။ တရားကို နာယူရုံမျှသာမဟုတ်ဘဲ ပုဂ္ဂိုလ်ရဲ့ အတွင်းသန္တာန်မှာရှိတဲ့ မှန်မှန်ကန်ကန် နှလုံးသွင်းစဉ်းစားတတ်ဖို့လည်း လိုသေးတယ်။ မဟုတ်လို့ တလွဲတွေးမိသွားရင် သမ္မာဒိဋ္ဌိ ဖြစ်လာမှာ မဟုတ်ဘူး။

သမ္မာဒိဋ္ဌိဖြစ်ဖို့ဆိုရင် တရားဓမ္မနဲ့ အစထားမှန်ကန်တဲ့ သဘာဝတရားတွေကို ဟောပြောနေတဲ့အပေါ် နာယူတာနဲ့ မိမိကိုက စဉ်းစားတတ်ခြင်းဆိုတဲ့ ဒီအကြောင်း နှစ်ချက်ရှိရင် မှန်ကန်တဲ့အမြင် သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာမယ်။ ကိစ္စရပ်တိုင်းမှာ အတွင်းအကြောင်းတရားနဲ့ အပြင်အကြောင်းတရားနှစ်ရပ် ပေါင်းစပ်ပေးတတ်ဖို့လိုအပ်တယ်။ အတွင်းအကြောင်းတရားက မှန်ကန်သော၊ သင့်လျော်သော၊ ယုတ္တိရှိသော နှလုံးသွင်းမှု၊ ပညာပါသော နှလုံးသွင်းမှုဖြစ်ပြီး အပြင်အကြောင်းတရားဖြစ်တဲ့ မိမိရဲ့မှန်မှန်ကန်ကန် စဉ်းစားတတ်ခြင်းနဲ့ ပေါင်းစပ်မှသာ အမြင်မှန်မှု သမ္မာဒိဋ္ဌိဆိုတာ ဖြစ်လာပါတယ်လို့ နာယူခဲ့မှုအရ လက်တွေ့ဘဝမှာ မိမိတို့ ဘယ်လိုတွေးနေကြလဲဆိုတဲ့အပေါ် ပြန်လည်ဆင်ခြင် သုံးသပ်ကြည့်မိပါတယ်။

လူတွေမှာ Perception ရှိနေပါတယ်။ လူတစ်ယောက် တစ်ခုခုဖြစ်နေတာတွေ့ လိုက်တာနဲ့ အဲဒီလူဟာ ဒါပဲဆိုပြီး ချက်ချင်းကောက်ချက်ချလိုက်တယ်။ အဲဒါကို Correspondent Inference လို့ ခေါ်တယ်။ လေ့ကားပေါ်မှ ခြေချော်ကျတဲ့ လူတစ်ယောက်ကို တွေ့လိုက်တာနဲ့ "ဒီလူနမော်နမဲ့နိုင်လှပါလား" ဆိုတာ မျိုးပေါ့။ လူတစ်ယောက်ရဲ့စားပွဲရှုပ်ပွနေတာတွေ့ရင် စနစ်မကျတဲ့လူလို့ တချို့ကထင်မယ်၊ တချို့က လည်း ဉာဏ်ကြီးရှင်တွေဟာ ဒီလိုပဲနေတတ်တယ်ပေါ့။ အမှန်တကယ်က အဲဒီနေ့မှာ သူအလုပ်များနေလို့လည်း ဖြစ်နိုင်သလို စားပွဲရှင်းပြီး ပစ္စည်းတွေ နေရာချနေတုန်း တန်းလန်းလည်း ဖြစ်နိုင်တာပဲလေ။ အလုပ်ဆင်းချိန် နောက်ကျနေတဲ့လူဆိုရင်လည်း တော်တော်အလုပ်ကြိုးစားတဲ့ လူဖြစ်နိုင်သလို အလုပ်လုပ်တာနှေးကွေးလို့ အချိန်မီမပြီးတာ၊ ဒါကြောင့် နောက်ကျတာလို့ အမျိုးမျိုးထင်ကြေးပေးတတ်ကြပါတယ်။

အဲဒီလူက မိန်းမနဲ့ တစ်ခုခုပြဿနာရှိနေတာကြောင့် အချိန်တန် အိမ်မပြန်ချင်လို့ ရုံးမှာ အလုပ်များချင်ယောင်ဆောင်နေတာကော မဖြစ်နိုင်ဘူးလား။ ဒီလိုထင်ကြေးနဲ့ ဆုံးဖြတ်တာ မှန်မှန်ကန်ကန် တိတိကျကျ ပြုလုပ်နိုင်ဖို့အတွက် ကယ်လီရဲ့ အလွတ်သဘော ကောက်ချက်ဆွဲသီအိုရီ (Kelly's Casual Attribution Theory) ကို မှတ်သားထားရှိစေလိုပါတယ်။ အမေရိကန်လူမျိုးစိတ်ပညာရှင် Bernard Weiner က ၁၉၇၂ ခုနှစ်မှာ အစပြုခဲ့တဲ့ သီအိုရီကို ၁၉၇၃ ခုနှစ်မှာ Harold Kelly က ချဲ့ပြီး တီထွင်ခဲ့တာပါ။ သူက လူတစ်ဦးရဲ့ အပြုအမူဟာ ပင်ကိုစိတ်(Internal) ကြောင့် ဖြစ်နိုင်သလို ပြင်ပမှသက်ရောက်မှု (External) အကြောင်းရင်းခံကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ အဲဒီအကြောင်းရင်းခံ နှစ်ခုကိုလည်း Consensus အားလုံးသဘောညီ ဖြစ်တာလား၊ Consistency အမြဲလိုဖြစ်နေတာလားနဲ့ Distinctiveness ထူးထူးခြားခြားဖြစ်နေတာမျိုးလားဆိုတဲ့ အချက်သုံးချက်အပေါ် အခြေခံပြီးမှ ကောက်ချက်ချတာမျိုးလုပ်ရမယ်လို့ အကြံပြုထားပါတယ်။ ဥပမာ တစ်ခုပေးပြီး ရှင်းပြပါ့မယ်။ သင်က လူအေးလို့ထင်ထားတဲ့ သူငယ်ချင်း တစ်ယောက်ရှိတယ်။ ဆိုပါစို့၊ တစ်နေ့မှာ သူဟာ ပါတီပွဲတစ်ခုမှာ အခြား လူတစ်စုနဲ့အတူ အော်ဟစ်မြူးတူးနေတာတွေ့ရင် ဘယ်လိုမျိုး ကောက်ချက်ချရမလဲ။

- Consistency အရ သူဒါမျိုး မကြာခဏ လုပ်လေ့ရှိသလား ပြန်စဉ်းစားကြည့်ပါ။ လုပ်တယ်ဆိုရင် သူဟာ ပုံမှန်ချိန်မှာ လူအေးလေးလို့ ထင်ရပေမယ့် ပါတီပွဲတွေရောက်ရင် ကဲတတ်သူမျိုးပေါ့။ အဲဒီလိုမျိုးလုပ်တာကို ခုမှပထမဆုံး တွေ့ဖူးခြင်းဆိုရင်တော့ ဒါဟာအခြေအနေကြောင့် ဖြစ်သွားတာလား၊ သူနဲ့အတူ ကဲနေတဲ့ လူတွေကြောင့်လားဆိုတာမျိုးကိုပါ စဉ်းစားဖို့ လိုအပ်ပါတယ်။

> ❀ **သမ္မာဒိဋ္ဌိဖြစ်ဖို့ဆိုရင် တရားဓမ္မနဲ့ အစထားမှန်ကန်တဲ့ သဘာဝတရားတွေကို ဟောပြောနေတဲ့အပေါ် နာယူတာနဲ့ မိမိကိုက စဉ်းစားတတ်ခြင်းဆိုတဲ့ ဒီအကြောင်းနှစ်ချက်ရှိရင် မှန်ကန်တဲ့အမြင် သမ္မာဒိဋ္ဌိဖြစ်ပေါ်လာမယ်။ ကိစ္စရပ်တိုင်းမှာ အတွင်းအကြောင်းတရားနဲ့ အပြင်အကြောင်းတရားနှစ်ရပ် ပေါင်းစပ်ပေးတတ်ဖို့လိုအပ်တယ်။ အတွင်းအကြောင်းတရားက မှန်ကန်သော၊ သင့်လျော်သော၊ ယုတ္တိရှိသော နှလုံးသွင်းမှု၊ ပညာပါသော နှလုံးသွင်းမှုဖြစ်ပြီး အပြင်အကြောင်းတရားဖြစ်တဲ့ မိမိရဲ့မှန်မှန်ကန်ကန် စဉ်းစားတတ်ခြင်းနဲ့ ပေါင်းစပ်မှသာ အမြင်မှန်မှု သမ္မာဒိဋ္ဌိဆိုတာ ဖြစ်လာပါတယ်လို့ နာယူခဲ့မှုအရ လက်တွေ့ဘဝမှာ မိမိတို့ ဘယ်လိုတွေးနေကြလဲဆိုတဲ့အပေါ် ပြန်လည်ဆင်ခြင်သုံးသပ်ကြည့်မိပါတယ်**

- Distinctiveness အရ အခုပါတီပွဲလိုအခြေအနေမျိုး၊ ဒါမှမဟုတ် သူနဲ့အခုကဲနေတဲ့ သူတွေနဲ့ကျမှ သူဒီလိုပြုမူတာလား၊ တခြား အခြေအနေမျိုးနဲ့ အခြားသူတွေနဲ့ဆိုရင်ရော အဲဒီလိုပြုမူလား ဆိုတာကိုလည်း ဆန်းစစ်ကြည့်ပါ။ ထူးထူးခြားခြား အဲဒီ အခြေအနေ၊ အဲဒီလူတွေနဲ့မှဆိုရင်တော့ သူငယ်ချင်းကို အပေါ်မှာ ထင်ထားခဲ့သလိုမျိုး ပါတီပျော်လေးလို့ မထင်ပါနဲ့တဲ့။ ဒီလို မဟုတ်ဘဲ လူတိုင်းနဲ့ အခုလိုပဲ ဖြစ်နေခဲ့ရင်တော့ အပေါ်မှာ ထင်ထားသလို ပါတီပျော်လေးလို့ ယူဆနိုင်ပါပြီ။
- Consensus အရ တခြားသောသူတွေဆိုရင်လည်း ဒီလို အခြေအနေမျိုးမှာ ဒီလိုပဲဖြစ်မှာလားလို့ စဉ်းစားဖို့လည်း လိုပါတယ်။ ပါတီမှာရှိတဲ့ လူအားလုံး ဒီလိုပဲ ကဲနေကြတာလား၊ တခြားလူတွေ ငြိမ်နေကြပြီး သူငယ်ချင်းတစ်ယောက်တည်းသာ ကဲနေတာလားကိုလည်း ချိန်ထိုးကြည့်ပါ။

ချိန်ထိုးမှုအားလုံးပြီးသွားမှ အဆုံးသတ်ကောက်ချက်ချတဲ့အခါ.......

ပါတီပွဲမှာရှိတဲ့ လူအားလုံးဒီလိုကဲနေကျရင်တော့ Distinctiveness အရ ဒါဟာထူးခြားတာမှ မဟုတ်တာ ။ သူငယ်ချင်း ဒီလိုလုပ်တဲ့ဟာက လုပ်နေကျလား၊ သဘောညီမို့လားဆိုတဲ့အပေါ် စဉ်းစားပြီးမှ သူငယ်ချင်းဟာ ပါတီပျော်လေး ဟုတ်/မဟုတ် ဆုံးဖြတ်ပါ။ ဥပမာအားဖြင့် သူငယ်ချင်းဟာ ဒါမျိုး မကြာခဏလုပ်လေ့ရှိတယ်၊ ပါတီပွဲတက် တခြားသူတွေကတော့ ငြိမ်ငြိမ်ဆိမ်ဆိမ် ဖြစ်နေကြတယ်။ ဒါမျိုးဆိုရင်တော့ သူဟာ ယခင်ကထင်ထားသလိုမျိုး လူအေးတစ်ယောက် မဟုတ်ဘူးလို့ ကောက်ချက်ချသင့်ပါတယ်။

**မိုဒယ်ပုံစံ နှစ်ခုရှိလာ**

ဘာဖြစ်လို့ အဲဒီသီအိုရီကို အသုံးချဖို့ အကြံပြုရတာလဲဆိုရင် လူတွေတွေးတော ဆင်ခြင်ရတဲ့အခါ မိုဒယ်ပုံစံ နှစ်ခုရှိလာခြင်းကြောင့် ဖြစ်ပါတယ်။ လူရဲ့ ဦးနှောက်အတွင်းက စနစ်-၁ (System 1) နဲ့ စနစ်-၂ (System 2) ဆိုတဲ့ စနစ် နှစ်ခုကြောင့်ပါ။ System 1 က အားထုတ်စရာမလိုဘဲ သူ့အလိုလို ချက်ချင်းလုပ်ဆောင်လေ့ရှိတယ်။ စိတ်ဆိုးနေတဲ့ လူတစ်ယောက်ရဲ့ မျက်နှာကိုမြင်တာနဲ့ ဒီလူစိတ်ဆိုးနေတယ်ဆိုတာကို ချက်ချင်းသိရှိ ခံစားလိုက်ရတာမျိုးပါ။ ၂ နဲ့ ၂ ပေါင်းရင် ဘယ်လောက်ရမလဲဆိုတာနဲ့ ၄ ဆိုပြီး အလိုအလျောက် (Automatic) သိလိုက်တာမျိုးဖြစ်ပါတယ်။ System 2 ကတော့ မိမိရဲ့ အသိစိတ်နဲ့ ဦးနှောက်ကို အလုပ်ပေးစေခိုင်းတာမျိုးဖြစ်ပါတယ်။ တွေးတောစဉ်းစားဖို့ လိုအပ်လာတာမျိုးဖြစ်ပါတယ်။ ဒါကြောင့် အသိဉာဏ်အားထုတ်မှု(Cognitive Effort) လုပ်ရတော့မယ်ဆိုတာ သိရှိသွားပါတယ်။ ဝင်ငွေခွန်ကြေညာလွှာဖြည့်ရရင် တော်တော် ဂရုစိုက်ပြီးမှ ဖြည့်ရသလိုမျိုးဖြစ်ပါတယ်။ System 2 နဲ့ လုပ်ဖို့ဆိုရင် Attention ထားဖို့ လိုအပ်လာပါတယ်။ Attention ဟာ ရှားပါးရင်းမြစ် (Scared resource) ဖြစ်လို့ မလိုအပ်တဲ့နေရာမှာ သွားမဖြုန်းတီးမိဖို့ လိုအပ်တာကြောင့် မလိုအပ်တဲ့နေရာတွေမှာ အာရုံမများမိစေဖို့နဲ့ စိတ်မထွေပြားမိစေဖို့ ဂရုပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း တချို့ အလုပ်တွေကို Checklist နဲ့လုပ်တာမျိုး၊ အောင်မြင်ပြည့်စုံတဲ့လူတွေဟာ နေ့စဉ်ဝတ်ရမယ့် အဝတ်အစားအတွက် အာရုံစိုက်မနေတော့တာမျိုး စသည်တို့ဖြစ်ပါတယ်။ System 1 စအလုပ် လုပ်ပြီဆိုတာနဲ့ System 2 က အမှန်ကန်ဆုံးသော အဆုံးအဖြတ်တစ်ခု ထွက်ပေါ်လာစေရေး အတွက် ထိန်းကျောင်းပေးနေရမှာ ဖြစ်ပါတယ်။

(ဥပမာ) ပင်ပေါင်ဘောလုံးတစ်လုံးနဲ့ ဘတ်တံတစ်ချောင်းဝယ်တာ ၁ ဒေါ်လာနဲ့ ၁၀ ဆင့်ကျပြီး ဘတ်တံက ဘောလုံးထက် ၁ ဒေါ်လာ ပိုတယ်ဆိုပါတော့။ ဒါဆို ဘတ်တံက ဘယ်လောက်တန်ပြီး ဘောလုံးက ဘယ်လောက်တန်လဲဆိုတဲ့မေးခွန်းကို အလွယ်ဖြေမယ့် သူက ဘက်တံက ၁ ဒေါ်လာ၊ ဘောလုံးက ၁၀ ဆင့်တန်တယ်လို့ဖြေမိလိမ့်မယ်။ တကယ့်အဖြေမှန်ကတော့ ဘတ်တံက ၁ ဒေါ်လာနဲ့ ၅ ဆင့်၊ ဘောလုံးက ၅ ဆင့် ဖြစ်ပါတယ်။ ဒါကြောင့် ကိစ္စရပ်တိုင်းမှာ System 2 ကို ခုန်ကျော်ပြီး ကောက်ချက်မချ စေလိုခြင်းဖြစ်ပါတယ်။ System 1 ဟာ Heuristics(စိတ်မှန်းတွက်ဆမှု)နဲ့ Biases (အစွဲများ) ငြိတွယ်နေတတ်လို့ အမှောင်ဖုံးပြီး အမှန်မမြင်နိုင်တတ်တဲ့အပေါ် သတိရှိစေ ချင်လို့ဖြစ်ပါတယ်။ Heuristics လေးခုရှိပါတယ်–

(၁) Anchoring (အာရုံမှာစွဲထင်နေမှု)။ အချက်အလက်၊ ဖြစ်စဉ်ကြောင်းရာ၊ ကိန်းဂဏန်းတစ်ခုဟာ အာရုံမှာငြိတွယ် စွဲထင်နေရင် ဆုံးဖြတ်ရချိန်မှာ အဲဒီနောက်ကိုပဲ လိုက်သွားလေ့ရှိတယ်။ Will Smith ပါတဲ့ ရုပ်ရှင်ကားတစ်ကားမှာ သူလိမ်လိုတဲ့ သူကို ကြိုတင်ရွေးချယ်ထားပြီး အဲဒီလူသွားလေရာ နေရာတိုင်းမှာ အမေရိကန် ဘောလုံးသမားတစ်ယောက်ရဲ့ပုံနဲ့ သူဝတ်ဆင်တဲ့ ကြော နံပါတ်ကို အမြဲမြင်နေအောင် ဖန်တီးထားပြီး အာရုံထဲမှာ စွဲထင်နေအောင် လုပ်ထားလိုက်တယ်။ ပြီးမှ ပြိုင်ပွဲတစ်ခုမှာ ခွင်ဆင်ပြီး "စိတ်ကြိုက်နံပါတ်ကို ရွေးစမ်း၊ ငါဖြေပြမယ်"ဆိုပြီး လောင်းကြေးထပ်ချိန် အဲဒီလူက သူ့အာရုံထဲစွဲနေပြီးဖြစ်တဲ့ နံပါတ်ကိုပဲ ရွေးလိုက်မိတာမျိုး ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

## ပန်လုံမြို့၌ ဆင္ခမအကြိမ်မြောက် “ဝ”နှစ်ခြင်း လူငယ်ဓမ္မညီလာခံသင်တန်းဖွင့်

ပန်လုံ  မတ် ၂၉

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ပန်လုံမြို့၌ မတ် ၂၈ ရက်က “ဝ” နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ဆင္ခမအကြိမ်မြောက် လူငယ်ဓမ္မညီလာခံသင်တန်းဖွင့်ပွဲ အခမ်းအနားကိုပြုလုပ်ရာ ဓမ္မအမှုတော်ဆောင် ဆရာမ ယေ့သဲခွန်းက သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး “ဝ”နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ တာဝန်ရှိပုဂ္ဂိုလ်များက လူငယ်ဓမ္မညီလာခံသင်တန်းကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရှေ့တန်းအမှတ်(၁)စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်၊ အမှတ်(၃)နည်းဗျူဟာကွပ်ကဲမှုအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်လတ်၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## ကျောက်တော်မြို့နယ်၌ ကျေးရွာဖြုန်းလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ကျောက်တော်  မတ် ၂၉

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော ကျောက်တော်မြို့နယ် ခမောင်းတောကျေးရွာ၏ ဖြုန်းလမ်းခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မတ် ၂၆ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ယင်းကျေးရွာ လုပ်ငန်းပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်ခိုင်ဇော် (လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ) နှင့်အဖွဲ့က စစ်ဆေးခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ်နှစ်သိန်းဖြင့် လုပ်ငန်းဆောင်ရွက်ကာ လမ်းအရှည်ပေ ၄၂၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိ ဖြုန်းလမ်းအမျိုးအစားဖြစ်သည်။

ယင်းလုပ်ငန်းများ ပြီးစီးသောကြောင့် ကျေးရွာသူ ကျေးရွာသားများ



အတွက် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးလုပ်ငန်းများ လွယ်ကူစွာသွားလာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)

*စာမျက်နှာ ၁၀ မှ*

(၂) Representatives (ကိုယ်စားပြုမှု)။ ရုံးဌာနတစ်ခုကို ရောက်သွားချိန်မျိုးမှာ မြက်ခင်းကို မြက်ဖြတ်ထားတာကလည်းညီ၊ ပတ်ဝန်းကျင်ကလည်း သန့်ရှင်းသာယာလှပ စိုပြည်၊ ဝန်ထမ်းလေးတွေကလည်း သပ်ရပ်လှပစွာ ဝတ်စားထားတာမျိုးတွေ့လိုက်တာနဲ့ပဲ အဲဒီဌာနဟာ အင်မတန်မှ စည်းစနစ်ကျနဲ့ စီမံခန့်ခွဲမှုကောင်းမှာပဲလို့ တန်းပြီးကောက်ချက်ချမိတာမျိုး ဖြစ်ပါတယ်။

(၃) Availability (ဒါမျိုးကြီးတွေပဲရရှိနေမှု)။ မီဒီယာမှာ ဒါကိုပဲ ထပ်တလဲလဲ တွေ့နေရတော့ ဟုတ်မှာပဲလို့ အမှန်ထင်သွားတတ်တာမျိုး။ ၉/၁၁ ဖြစ်စဉ်ဖြစ်ပြီးခါစက လူတွေ လေယာဉ်စီးရမှာ အရမ်းကြောက်သွားပြီး ကားနဲ့ပဲခရီးသွားကြတယ်။ အမှန်ကတော့ Road accident ဖြစ်စဉ်နဲ့ လူထိခိုက်သေဆုံးတာ လေယာဉ်မှာဖြစ်တာထက် အဆများစွာပိုပါတယ်။

(၄) The law of small numbers (ကိန်းဂဏန်းနည်းနည်းပေါ် အခြေခံပြီး အဖြေရှာခြင်း)။ ကျောင်းသား ၄၀ ပဲရှိတဲ့ ကျောင်းက တန်းလုံးကျွတ်စာမေးပွဲအောင်တာကို ၁၀၀ မှာ တစ်ယောက်ထဲကျတဲ့ ကျောင်းနဲ့နှိုင်းယှဉ်ပြီး အကောင်းဆုံးကျောင်းလို့ သတ်မှတ်တာမျိုး။ ဒီကြားထဲမှာ အချက်အလက်တွေကလည်း အစွဲ ( Biased data) ပါနေခဲ့ရင် ပိုဆိုးသွားလေ့ ရှိပါတယ်။

လူပုဂ္ဂိုလ်တိုင်းဟာ အမှားနဲ့အမှန်ကို ခွဲခြားဆင်ခြင်ဝေဖန်ပိုင်းခြားဆုံးဖြတ်တတ်စေရေးအတွက် အသိပညာရပ်တွေကို ရှာဖွေသင်ယူဖို့လိုအပ်သကဲ့သို့ လုပ်ငန်းခွင်တွင်းသာမက နေ့စဉ်နေထိုင်မှုဘဝမှာပါ အဆုံးအဖြတ်တွေကို ချမှတ်နေရလေ့ရှိတယ်။ ကိစ္စရပ်တိုင်းအပေါ် တုံ့ပြန်ပြီး “ဘယ်လို ပြောလိုက်ရမှာလဲ”၊ “ဘယ်လိုပြုမူလိုက်ရမလဲ” စတာတွေကို အချိန်တိုင်း ဆုံးဖြတ်နေရတယ်။ လူတစ်ဦးချင်းအတွက် မှန်ကန်စွာ ဆုံးဖြတ်တတ်နိုင်ဖို့အတွက် သင်ကြားပေးခြင်း ၊ နားလည်လက်ခံသွားစေခြင်းနဲ့ စဉ်းစားဆင်ခြင်စေခြင်းဆိုတဲ့ နည်းလမ်း သုံးမျိုးနဲ့ လူတစ်ဦးချင်းစီ၏ အသိဉာဏ်ရရှိစေရေးမှာ အထောက်အပံ့ဖြစ်စေပြီး ထိုသူရဲ့ စဉ်းစားချင့်ချိန်နိုင်မှုအပေါ် ဖန်တီးပြုပြင်ပေးလျက်ရှိတယ်။ အသိဉာဏ်နဲ့အတွေ့အကြုံများရရှိစေရေးအပေါ် အထောက်အကူပေးတဲ့ သင်ကြားသင်ယူရရှိနိုင်မှုအတွက် ပြင်ပမှပေးနိုင်တဲ့ နေရာသုံးနေရာရှိပါတယ်-

(က) ခေါင်းဆောင်များ (Leadership)။ ကိုယ့်ကိုဦးဆောင်မှု ပေးနေတဲ့ ပုဂ္ဂိုလ်များထံမှ အတုခိုးသင်ယူခြင်း၊ သို့မဟုတ် အထင်ကြီးလေးစားတဲ့ပုဂ္ဂိုလ်များနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာများကို စာအုပ်စာစောင်များမှ ဖတ်ရှုလေ့လာသင်ယူခြင်း၊

( ခ ) အခြားသောလူပုဂ္ဂိုလ်များ(Individual Brokers)။ မိမိရဲ့ လုပ်ငန်းခွင်၊ လူမှုပတ်ဝန်းကျင်၌ တွေ့ကြုံဆုံစည်းခဲ့သူ အခြားသောလူပုဂ္ဂိုလ် တစ်ဦးချင်းထံမှ လေ့လာသင်ယူခြင်း၊

( ဂ ) အဖွဲ့အစည်းများ(Organizational Brokers)။ သင်ကြားမှုပြုလုပ်ပေးနေတဲ့ စာသင်ကျောင်း၊ တက္ကသိုလ်မှသည် အကြံပေးအဖွဲ့အစည်းများတွင် သင်တန်းတက်ရောက်မှု၊ Conference၊ Seminar နဲ့ Workshop စသည်များမှ သင်ယူလေ့လာခြင်းတို့ဖြင့်ရယူနိုင်သကဲ့သို့မိမိကိုယ်တိုင်ရဲ့အတွေ့အကြုံများမှလည်း သင်ခန်းစာယူခဲ့ရမှုမျိုးတွေလည်း ရှိနိုင်ပါတယ်။

ဒါပေမယ့် မိမိရရှိလိုက်တဲ့ အတွေ့အကြုံတစ်ခုအပေါ် သင်ခန်းစာတစ်ရပ်အနေနဲ့ အပြီးမှတ်ယူရမယ့်အခါမျိုးမှာ အဲဒီအရာဟာ တကယ့်ကို ကျိုးကြောင်းညီညွတ်မှုနဲ့ ခိုင်လုံမှုဖြစ်ရဲ့လားဆိုတာ အလွန်အရေးကြီးတယ်။ ဥပမာအားဖြင့် ကြောင်တစ်ကောင်ဟာ မီးဖွင့်ထားတဲ့ လျှပ်စစ်မီးဖိုပေါ် တက်ထိုင်မိလို့ အပူလောင်သွားပြီးရင် မီးဖိုတစ်ခုဟာမီးမဖွင့်ထားလို့ အေးနေလည်း နောင်ကိုဘယ်တော့မှ တက်မထိုင်ရဲတော့သလိုမျိုး မဖြစ်ဖို့တော့ လိုတာမျိုးပေ့ါ။ အဲဒီလိုမျိုးပဲ ပြင်ပကသင်ယူလေ့လာခဲ့မှုအပေါ် သင်ခန်းစာရယူတော့မယ်ဆိုရင်လည်း ရှေ့မှာဖော်ပြခဲ့တဲ့အတိုင်း ကျိုးကြောင်းညီညွတ်မှုနဲ့ ခိုင်လုံမှု (Valid) ဖြစ်ဖို့ မဖြစ်မနေ လိုအပ်တဲ့အပြင် Unbiased အစွဲကင်းတဲ့ အချက်အလက်များကို လုံလောက်တဲ့ပမာဏ Substantial ရှိရှိ အခြေခံပြီး တွက်ချက်အဖြေ ရှာထားမှုလည်း ဖြစ်ရမှာဖြစ်တယ်။ ထွက်ပေါ်လာတဲ့ ရလဒ်ဟာလည်း အကြောင်းနဲ့အကျိုး (Cause and Effect) တိုက်ရိုက်ကိုက်ညီမှုရှိရမယ်ဆိုတဲ့ စံနှုန်းများနဲ့ ကိုက်ညီမှု ရှိ၊ မရှိ စဉ်းစားဆင်ခြင်ပြီးမှသာ လက်ခံရမယ်လို့ သင်ယူခဲ့ရပါတယ်။ “Valid, Substantial Sample Size and unbiased, and the link between cause and effect is clear” ဆိုတဲ့ စံနှုန်းနဲ့ တိုင်းတာဖို့လိုအပ်ချက်ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုဟာ Simillarity ဆိုတဲ့ ဆင်တူမှုရှိတယ်ဆိုပေမယ့်လည်း အမြဲတမ်း ပုံသေကားချပ် ထပ်တူညီတာမျိုးမဖြစ်နိုင်လို့ပါ။ ဖော်ထုတ်တွေ့ရှိချက်တစ်ခုအပေါ်မှာလည်း Sampling လို့ခေါ်တဲ့ စာရင်းကောက်ယူမှုပမာဏ ဘယ်၍ဘယ်မျှသုံးပြီး တွက်ချက်အဖြေထုတ်ထားတာမျိုးလဲ၊ အဲဒီလို စာရင်းကောက်ယူရာမှာလည်း အစွဲကင်းမှု ဖြစ်ရဲ့လားဆိုတဲ့အချက်ကလည်း အရေးကြီးလို့ပါ။ နောက်တစ်ခုက ဖြစ်စဉ်ဖြစ်ရပ်အပေါ် ဘယ်လိုအဓိပ္ပာယ် ဖွင့်လိုက်တာလဲဆိုတဲ့အချက်ကလည်း ရှိနေလို့ပါ။ ဥပမာအားဖြင့် လေယာဉ်တစ်စင်းရေထဲကို ထိုးဆင်းသွားရတဲ့ ဖြစ်စဉ်တစ်ခုထဲမှာပင် လေယာဉ်ရေထဲကို ပျက်ကျတာလို့ အဓိပ္ပာယ်ဖွင့်တဲ့လူရှိသလို ရေပြင်ပေါ်ကို အောင်မြင်စွာ ဆင်းသက်နိုင်မှုလို့ အဓိပ္ပာယ်ဖွင့်တာမျိုးလည်း ရှိနိုင်လို့ပါ။ နောက်ဆုံးတစ်ခုကတော့ အခွင့်အလမ်း၊ အခွင့်အရေးရရှိမှုကြောင့် ရသွားတဲ့ ရလဒ်မျိုးကို ပုံသေမှတ်ပြီး ကိုင်ဆွဲထားတတ်တာမျိုးဖြစ်တတ်လို့ပါ။

**လူတွေကို တွန်းအားပေးမှုကအလွယ်ကူဆုံးနဲ့ အမြန်ဆုံးနည်းလမ်းဖြစ်**

ဒ့ါအပြင် ဗုဒ္ဓရဲ့အဆုံးအမဖြစ်တဲ့ သင်ယူမှုအပေါ် ဘယ်တော့မှမရပ်လိုက်ပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဘဝကြီးက သင်ကြားပေးနေမှုရပ်မသွားလို့ပါ (Never stop learning because life never stops teaching) ဆိုတဲ့အတိုင်း ၂၁ ရာစုမှာ Lifelong Continuous Learning အပေါ် အဓိကထား တိုက်တွန်းနေတာကို တွေ့ရှိရတယ်။ ဒ့ါအပြင် မှန်ကန်စွာဆုံးဖြတ်တတ်ဖို့ အထောက်အပံ့ပေးတဲ့ နည်းလမ်း သုံးမျိုးရှိတဲ့အထဲမှာ Education ဟာ အချိန်ပေးရမှုရှိနေပြီး Nudge မှာလည်း မှန်ကန်တဲ့ပုံစံ(Model) တစ်ခုရမှသာ မိမိဖြစ်စေချင်တဲ့ လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေမှာဆိုတဲ့ ကန့်သတ်ချက်တွေ ရှိနေတယ်။ Nudge နဲ့ Education နှစ်ရပ်ကိုပေါင်းပြီး ယုံကြည်လက်ခံထားရှိမှုကို ပြောင်းလဲပေးလိုက်ကာ တစ်ဦးတစ်ယောက်ရဲ့ အပြုအမူကို ပြောင်းလဲစေမလား(Beliefs to Behavior)နဲ့ ပြုမူနေထိုင်မှုပုံစံ ပြောင်းလဲစေခြင်းဖြင့် ယုံကြည်လက်ခံထားရှိမှုကို ပြောင်းလဲစေမလား(Behavior to Beliefs) (B2B) နည်းလမ်းနှစ်မျိုးအပေါ် ရွေးချယ်ရတဲ့ ပြဿနာလည်း ရှိနေတာကြောင့် မဖြစ်မနေအချိန်ယူရတဲ့ လုပ်ငန်းစဉ်(Process) လည်း ဖြစ်နေပါတယ်။ အကောင်းဆုံးကတော့ လူတွေကို စဉ်းစားဆင်ခြင်ပြီးမှ (Make People Think) ဆုံးဖြတ်ကြဖို့ တွန်းအားပေးမှုကသာ အလွယ်ကူဆုံးနဲ့ အမြန်ဆုံးနည်းလမ်းဖြစ်တယ်ဆိုတာကို ဖော်ထုတ်တွေ့ရှိထားပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ အကြောင်းအရာနဲ့ စပ်လျဉ်းပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ လောက်ကတည်းက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုတ္တန်တစ်ခု ဟောထားတာရှိခဲ့ကြောင်း ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသရဲ့ “ကာလာမသုတ် အနှစ်ချုပ်တရားတော်” မှာ နာယူခဲ့ရပါတယ်။ ကောသလတိုင်းရှိ ကာလမအမျိုးသားတွေက မြတ်စွာဘုရားနဲ့တွေ့တဲ့အခါ ဖြုဟ္မဏတွေရဲ့ အယူဝါဒအမျိုးမျိုးကြောင့် သူတို့အနေနဲ့ ဘယ်ဟာအမှန်လဲဆိုတာ ဝေခွဲရခက်နေကြောင်း လျှောက်တဲ့အပေါ် မြတ်စွာဘုရားက ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်အောင် စဉ်းစားစရာ အချက် ၁၀ ချက်ပေးပြီး သွန်သင်ဆုံးမသွားခဲ့ပါတယ်။ ဒါဟာ Make People Think လုပ်တတ်တဲ့ အလေ့အထဖြစ်စေဖို့ ရှေ့ဆောင်လမ်းပြပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်-

(၁) တစ်ဆင့်ကြားဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Gossip and Report)

(၂) ရှေးအစဉ်အလာစကားဖြစ်ရုံဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Tradition)

(၃) ဤသို့ဖြစ်ခဲ့ဖူးသတဲ့ဆိုရုံဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Hearsay)

(၄) ပိဋကတ်ကျမ်းဂန်နှင့် ညီညွတ်သည်ဆိုရုံဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Publications)

(၅) ကြံဆ၍ယူခြင်းမျိုးဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Logic)

(၆) နည်းမီ၍ ယူခြင်းမျိုးဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Inference)

(၇) အကြောင်းခြင်းရာကို ရှာကြံထောက်ပြညီညွတ်သည်ဆိုရုံဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Reasonable)

(၈) မိမိတို့ကြံစည်နှစ်သက်လက်ခံထားသော အယူနှင့် ကိုက်ညီရုံဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Agree to preconditions)

(၉) လက်ခံထိုက်ဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ အချက်နှင့်လည်း အမှန်ဟု မယူဆကြနှင့်ဦး။ (Possibility)

(၁၀) မိမိတို့ လေးစားအပ်သောဆရာ၏ စကားဖြစ်ရုံဖြင့် အမှန်ဟု မယူဆကြနှင့်ဦး။ (Learning from Leadership)

မြတ်စွာဘုရားဟာ မစဉ်းစားဘဲ လက်ခံတာကို သဘောမကျဘူး၊ ဝိမံသကသုတ်မှာ ဘုရားက “မင်းတို့စူးစမ်းကြ၊ လေ့လာကြ၊ ငါပြောတဲ့အတိုင်း ငါ့ကိုမယုံကြနဲ့ ကျေနပ်လောက်စရာရှိလား၊ ကျေနပ်လောက်မှ လက်ခံ” ဒီလိုဟောကြားခဲ့ပါတယ်။ ကာလာမသုတ် အနှစ်ချုပ်ကို ကြည့်မယ်ဆိုရင်

- အထက်ပါ ၁၀ ချက်နဲ့ အမှန်တရားကို မဆုံးဖြတ်နဲ့။
- ဆုံးဖြတ်ပြီး လက်ခံကျင့်သုံးလို့ အပြစ်ရှိရင်၊ မကောင်းကျိုးတွေ့ရင် ချက်ချင်း စွန့်လိုက်ပါ။
- လက်ခံကျင့်သုံးလို့ ကောင်းကျိုးချမ်းသာရမယ်ဆိုရင် ချက်ချင်း ကျင့်သုံးပါ။
- အဲဒီလို မကောင်းတာကို စွန့်ပယ် ကောင်းတာတွေကို ကျင့်သုံးတဲ့အခါ အားလုံးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရားကို ပွားများအားထုတ်ပါ။
- အဲဒီလို အားထုတ်ပြီးတော့နေလို့ရှိရင် နောင်ဘဝ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကုသိုလ် ကံရဲ့ အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘာမှစိတ်ပူစရာမရှိဘူးလို့ မြတ်စွာဘုရားက ဒီလို အဆုံးသတ် ဟောကြားထားခြင်းဖြစ်ပါတယ်။

ဆရာတော်ကြီးက မြတ်စွာဘုရားရဲ့ ဒေသနာတော်ပါအတိုင်း “ဒီအတိုင်းအတာတွေနဲ့ ဆင်ခြင်သုံးသပ်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ကာ လက်တွေ့ကျင့်ကြံ အားထုတ်နိုင်ကြပါစေလို့” ဟောကြားတော်မူခဲ့ပါကြောင်း ။ ။

# ကော့သောင်းကုန်သွယ်ရေးစခန်း ဒေါ်လာ ၂၂ ဒသမ ၄၀၈ သန်း ကုန်သွယ်မှုပြုနိုင်ခဲ့

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၁ ရက်မှ ၂၈ ရက်အထိ ပို့ကုန်တန်ချိန် ၂၀၇၂၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၈ သန်း ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၀၈ သန်း ကုန်သွယ်မှု ပြုနိုင်ခဲ့သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ ခရိအုန်း၊ ခရိဖက်၊ ဆီအုန်း စွန့်ပစ်ပစ္စည်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ကြွေပြား၊ ဆား၊ ကုန်စုံ၊ စတီးဝိုင်ယာကြိုး၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆီလီကွန်၊ ဆာလဖာ၊ ကျောက်ချဉ်၊ မီးသွေးမှုန့်၊ ရေသန့်စင်စက်၊ ရေကူးကန်သုံးအပိုပစ္စည်း၊ နိုင်လွန်ကြိုး၊ ငါးဖမ်းပိုက်ကွန်၊ ငှက်သိုက်၊ သင်္ဘောအပိုပစ္စည်း၊ ငါးထည့်သည့်ခြင်း၊ ရေခဲပုံး၊ ဖိနပ်ကုန်ကြမ်း၊ ထုံးမှုန့်၊ ဆိုးဆေး၊ ကန့်၊ သားရေကြိုး၊ ဘောင်းဘီမျှော့ကြိုး၊ ဓာတုကုန်ကြမ်း ပစ္စည်းတို့ဖြစ်ကြောင်း သိရသည်။

မတ် ၂၉ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၂၀၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၃ ကျပ်ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၁၁၇ ဒသမ ၀၁၇ သန်း ဆောင်ရွက်

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် မတ် ၂၈ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၃၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၉၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ပဲတီစိမ်း ၅၇၂ ဒသမ ၂၅ တန်၊ ပဲယဉ်း ၁၆၉ ဒသမ ၇ တန်၊ ကြက်သွန်နီ ၄၈၈ တန်၊ ဖရဲသီး ၁၂၅၄ ဒသမ ၈ တန်၊ငါးရှဉ့် ၃၀ ဒသမ ၂ တန်၊ ကြေးနီ ၃၃ ဒသမ ၅ တန်၊ သခွားမွှေး ၄၄၅ ဒသမ ၂ တန်၊ ကဏန်း ၁၇ ဒသမ ၆၇၅ တန်၊ ပုစွန်ဖွဲ့ ၁၂၉ ဒသမ ၅ တန်နှင့် ပဲလွန်းဖြူ ၁၀၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆက်သွယ်ရေးလုပ်ငန်းသုံး ကြိုးဆက်ပုံး၊ ဖလင်ပြား၊ လျှပ်စစ်မော်တာ၊ ဘက်ထရီ၊ ဟင်းချိုမှုန့်၊ လိမ္မော်သီး၊ ဘိလပ်မြေ အိတ်ခွံ၊ စက်ဘီး၊ လက်တွန်းလယ်ထွန်စက်နှင့် တစ်ရှူးအစိုတို့ဖြစ်သည်။

မတ် ၁ ရက်မှ ၂၈ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၈၄၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၇၆ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၀၁၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၄ ဒသမ ၀၂ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။





# မြင်းခြံဆောင်းကြက်သွန်နီ လှိုင်လှိုင်ထွက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် ဆောင်းကြက်သွန်နီကို အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးခဲ့ပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ ယခုအချိန်တွင် ဆောင်းကြက်သွန်နီ(ခေါ်) နွေကြက်သွန်နီများ ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ ဆောင်းကြက်သွန်နီ ဈေးနှုန်းများအနေဖြင့် မတ်လ(ဒုတိယပတ်)တွင် အကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ၉၀၀၊ အသေး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ မှ ၇၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ကြက်သွန်နီဝင်ရောက်မှုအနေဖြင့် မြင်းခြံဈေးကွက်သို့ တစ်ရက်လျှင် ကုန်ချိန်ပိဿာ ၃၂၀၀၀ ကျော် နေ့စဉ် ဝင်ရောက်ခဲ့ကြောင်း၊ မတ်လ(တတိယပတ်) တွင်လည်း ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ ယခင်အပတ်အတိုင်း ရောင်းဝယ်မှုဖြစ်ခဲ့ပြီး ကုန်ချိန်ဝင်ရောက်မှုအနေဖြင့် တစ်ရက်လျှင် ပိဿာ ၆၃၀၀၀ ကျော် ဝင်ရောက်လျက်ရှိကြောင်း၊ ယခုတစ်ပတ်တွင် ယခင်အပတ်ထက် ကုန်ချိန် ပိဿာပေါင်း ၃၁၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ပြီး ဈေးကွက်တင်ပို့မှုများအနေဖြင့် ရန်ကုန်၊ နေပြည်တော်၊ မြဝတီနှင့် မော်လမြိုင်မြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **DOCA (မန္တလေး)**

## ၂၉.၃.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၈၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၂၉၂၀၀၀၀ |
| ၂ | လားရှိုး | ၂၃၀၀ | ၂၇၀၀ | ၈၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၀၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၉၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | | ၁၈၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၃၄၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၀၀၀၀ | ၂၉၅၀၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၃၃၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၉၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၂၀၀ | | ၁၀၅၀၀ | ၇၂၀၀ | ၁၃၅၀၀ | ၁၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၉၃၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၅၀ | | ၁၃၅၀၀ | ၆၈၀၀ | ၁၅၅၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၀၅၀၀၀ |
| ၈ | ထားဝယ် | ၂၉၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၇၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၈၀၀ | ၆၀၀ | ၆၄၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၉၃၃၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၆၀၀၀ | ၁၇၀၀ | ၆၆၀၀ | ၅၀၀၀ | ၃၆၀၀ | ၂၇၀၀ | ၈၀၀ | ၇၃၀၀ | ၅၅၀၀ | ၄၈၀၀ | ၂၉၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၂၉၃၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၄၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၃၅၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၁၅၀၀ | ၁၄၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၃၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၅၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၇၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၆၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၇၈၀၀ | ၁၅၀၀၀ | ၁၇၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၅၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၉၄၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၂၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၇၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၀၀ | | ၁၂၅၀၀ | ၆၇၅၀ | ၁၉၀၀၀ | ၁၂၀၀ | ၅၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၇၀၀ | ၇၀၀ | ၆၄၀၀ | ၆၄၀၀ | ၃၆၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၄၅၀ | ၁၇၅၀ | ၁၂၅၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၁၅၀၀ | ၇၀၅၀ | ၁၆၀၀၀ | ၁၂၀၀ | ၆၃၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၂၀၀ | ၅၅၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၉၃၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၉၂၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၉၃၈၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၈၀၀ | | ၂၂၀၀ | ၆၀၀ | ၆၅၀၀ | ၅၃၀၀ | ၃၅၀၀ | ၂၁၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၇၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၁၂၀၀ | ၄၄၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၇၂၀၀ | ၅၀၀၀ | ၃၈၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၅၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၁၃၀၀ | ၄၆၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၂၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၉၅၀၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၇၆၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၃၀၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၊ ငစိန်ဆန် တစ်ပြည်လျှင် မန္တလေးတွင် ငွေကျပ် ၁၅၀၊ ပဲဆီ တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၅၀၀၊ ငရုတ်ခြောက်တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်စ) ၊ ချင်းနှင့် မြေပဲတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ ဆား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ကုလားပဲတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၈၀၀၊ စစ်တွေတွင် ငွေကျပ် ၂၀၀၊ သကြားတစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၁၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၀၊ ဆား တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၊ ပခုက္ကူတွင် ငွေကျပ် ၅၀၊ ကုလားပဲတစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀ ဈေးကျခဲ့ပါသည်။

**သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း**

# မက္ကဆီကိုနယ်စပ် ထိန်းသိမ်းရေးစင်တာ၌ မီးလောင်မှုကြောင့် ၃၈ ဦးထက်မနည်းသေဆုံး

**မက္ကဆီကိုစီးတီး မတ် ၂၉**

အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းသည့် ရွှေ့ပြောင်းနေထိုင်သူများကို မက္ကဆီကိုနယ်စပ်ရှိ ထိန်းသိမ်းရေးစင်တာ၌ ထားရှိရာ အဆိုပါ ထိန်းသိမ်းရေးစခန်း မီးလောင်မှုကြောင့် လူ ၃၈ ဦး ထက်မနည်းသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်း ရှိကြောင်း သိရသည်။ မက္ကဆီကိုနိုင်ငံမြောက်ပိုင်း အမေရိကန်နယ်စပ်အနီး ချီဟွာဟွာပြည်နယ်ရှိ စီယူဒက်ဝက်ရက်ဇ်တွင် မတ်လ ၂၈ ရက် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် သေဆုံးသူ ၄၀ အထိရှိသည်ဟု ကနဦးတွင် သတင်းများ ထွက်ပေါ်ခဲ့သော် လည်း အဆိုပါ အရေအတွက်မှာ မှန်ကန်မှုမရှိဟု မက္ကဆီကို အာဏာပိုင်များက ပြောသည်။

သေဆုံးသူ အများစုမှာ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ အယ်လ်ဆာဗေဒိုး၊ ဗင်နီဇွဲလားနှင့် အခြားသော တောင်အမေရိကနိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်ကြသည်။ အဆိုပါထိန်းသိမ်းရေးစင်တာမီးလောင်မှုနှင့် ပတ်သက်၍ မက္ကဆီကိုသမ္မတ အန်ဒရက်စ် မန်နျူရယ် လိုပက်ဇ် အော်ဘရာဒိုက မတ် ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

နေရပ်ပြန်ပို့ခံရမည်ဟုသိသော ထိန်းသိမ်းခံထားရသူများသည် မွေ့ရာကို မီးရှို့ဆန္ဒပြရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်ဟု ၎င်းကပြောသည်။ အမေရိကန်သို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေသည့် ရွှေ့ပြောင်းနေထိုင်သူပေါင်း ၁၀၀၀၀ ထက်မနည်း ရှိသည်ဟု အဆိုပါဒေသရှိ အင်န်ဂျီအိုတစ်ခုက ပြောသည်။ ၎င်းတို့ထဲမှ အချို့မှာ မက္ကဆီကို အာဏာပိုင်များ၏ဖမ်းဆီးခြင်းခံရပြီး ထိန်းသိမ်းရေးစင်တာများသို့ ပို့ဆောင်ခံရသည်။ တရားဝင် အထောက်အထားများမရှိဘဲ မက္ကဆီကို နယ်စပ်ကိုဖြတ်ကျော်ကာ အမေရိကန်သို့ ဝင်ရောက်ရန် ကြိုးပမ်းသူပေါင်း သန်းတစ်ဝက် ယမန်နှစ်အတွင်း နီးပါးရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ထိန်းသိမ်းရေး စင်တာအပြင်ဘက်တွင် အရေးပေါ်ကယ်ဆယ်ရေး ဝန်ထမ်းများကို တွေ့ရစဉ်။

## ယူ-၂၀ ကမ္ဘာ့ဖလားတွင် အစ္စရေးကို ပါဝင်ယှဉ်ပြိုင်ခွင့်ပေးသည့်အတွက် အင်ဒိုနီးရှား၌ ဆန္ဒပြပွဲများပေါ်ပေါက်

**ဂျကာတာ မတ် ၂၉**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အသက် ၂၀ အောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အစ္စရေးနိုင်ငံ ပါဝင်ယှဉ်ပြိုင်မည့်အတွက် ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်။ ထို့ကြောင့်ပြိုင်ပွဲအတွက် မဲနှိုက်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ လာမည့် မေလမှ ဇွန်လအတွင်း အသက် ၂၀ အောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပမည် ဖြစ်သည်။

အင်ဒိုနီးရှားသည် ပါလက်စတိုင်းကို ထောက်ခံသည့်အတွက် အစ္စရေး ပါဝင်ယှဉ်ပြိုင်မှုကို ခွင့်မပြုသင့်ဟု ဆန္ဒပြသူများက ပြောသည်။ ဘောလုံးပြိုင်ပွဲအတွက် မဲနှိုက်မှုအစီအစဉ်ကို မတ် ၃၁ ရက်တွင် ပြုလုပ်ရန် ကနဦးစီစဉ်ခဲ့သော်လည်း ဖီဖာက ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့လိုက်ကြောင်း၊ ယင်းသို့ ရက်ရွှေ့ဆိုင်းမှုကို သိရှိထားပြီးဖြစ်ကြောင်း အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ်က မတ် ၂၉ ရက်တွင် ပြောသည်။ နိုင်ငံရေးနှင့် အားကစား မရောထွေးသင့်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အကြီးအကဲကိုလည်း ဖီဖာ ဌာနချုပ်သို့ စေလွှတ်ကာ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အစီအစဉ်အတွက် ဆွေးနွေးသွားရန်ရှိကြောင်း အင်ဒိုနီးရှားသမ္မတက ပြောသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၄ ခုနှစ်အတွက် ကမ္ဘာ့ဖလား ဘောလုံးပွဲကို အာဆီယံနိုင်ငံများနှင့်အတူ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် မျှော်လင့်ထားသည်။ သို့သော်လည်း ရှုပ်ထွေးမှုများကြောင့် ယင်းအစီအစဉ်ကို သက်ရောက်မှုရှိလာနိုင်သည်။ **အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယား အမျိုးသားလုံခြုံရေးအကြံပေး ရာထူးမှနုတ်ထွက်

**ဆိုးလ် မတ် ၂၉**

သံတမန်ရေးနှင့် လုံခြုံရေးဆိုင်ရာ တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းသမ္မတအကြံပေးသည် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာလိုက်ပြီဖြစ်သည်။

အမျိုးသားလုံခြုံရေး အကြံပေး ကင်ဆောင်ဟန်က ၎င်း၏ နုတ်ထွက်မှုသည် မတ် ၂၉ ရက်တွင် အကျိုးသက်ရောက်မည်ဟု မီဒီယာများသို့ ပြောသည်။ ကင်က ၎င်း၏နေရာ ဆက်ခံသူသည် တာဝန်များကို ချောမွေ့စွာ ထမ်းဆောင် နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောသည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆက်ယိုးလ်သည် အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ဖြစ်သူ ချိုတေယောင်းကို ကင်၏ ဆက်ခံသူအဖြစ် အမည်စာရင်း တင်သွင်းထားသည်။ ကင်သည် အမေရိကန် သံတမန်ရေးမူဝါဒနှင့် အခြားသော ကိစ္စရပ်များတွင် တက္ကသိုလ် ပါမောက္ခအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် ကင်သည် ယွန်ဆက်ယိုးလ် သမ္မတတာဝန်ထမ်းဆောင်သည့် အချိန်မှစတင်ကာ သမ္မတ၏ အမျိုးသား လုံခြုံရေးအကြံပေး အဖြစ် ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။

၎င်းသည် ယခုလအစောပိုင်းတွင် ဂျပန်နိုင်ငံနှင့် အခြားသော ပင်လယ်ရပ်ခြား နိုင်ငံများသို့ သမ္မတ ယွန်ဆက်ယိုးလ်နှင့်အတူ လိုက်ပါခဲ့သူလည်းဖြစ်သည်။ နိုင်ငံ၏ ထိပ်တန်းလုံခြုံရေးအကြံပေးဖြစ်သူ ရာထူးမှ ရုတ်တရက် နုတ်ထွက်မှုအပေါ် ပြည်သူများ အကြား စိုးရိမ်မှုဖြင့်တက်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



အမျိုးသားလုံခြုံရေးအကြံပေး ကင်ဆောင်ဟန်။

## ပင်လယ်ပြင်တွင် ရေနံယိုစိမ့်မှုကြောင့် ဖိလစ်ပိုင်ခရီးသွားနေရာ ၆၃ ခုအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုများဖြစ်ပေါ်ခဲ့ဟုဆို

**မနီလာ မတ် ၂၉**

လွန်ခဲ့သော တစ်လက အိုရီယန်တယ်မင်ဒိုရို ပြည်နယ်ကမ်းလွန်ပင်လယ်ပြင်တွင် ရေနံတင်သင်္ဘောတစ်စင်း နစ်မြုပ်မှုမှ ဖြစ်ပေါ်လာသော ကြီးမားသည့် ရေနံယိုစိမ့်မှုများသည် ခရီးသွားနေရာ ၆၃ ခုနှင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသူများအတွက် ဆိုးရွားသည့်အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း ဖိလစ်ပိုင်ခရီးသွားဌာနက ပြောကြားလိုက်သည်။

ခရီးသွားဝန်ကြီး ခရစ်စတီနာ ဂါစီယာဖရက်စကိုက ရေနံယိုဖိတ်မှုကြောင့် ထိခိုက်နစ်နာခဲ့သော ခရီးသွားနေရာများတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းလည်း ပါဝင်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါကိစ္စကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ၎င်းက ဒေသတွင်းအသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။ ပြန့်ကျဲသည့် ရေနံ လီတာ ၁၀၀၀၀ ကို ဆယ်ယူထုတ်ခဲ့ပြီး ညစ်ညမ်းအမှိုက် ကီလိုဂရမ် ၇၃၀၀၀ နီးပါး ဖယ်ရှားခဲ့သည်။ အဆိုပါကိစ္စကြောင့် မိသားစုပေါင်း ၃၆၀၀၀ ကျော် ထိခိုက်နစ်နာခဲ့သည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံရှိ ဖူဂျီတောင် ပေါက်ကွဲခဲ့မည်ဆိုပါက ကယ်ဆယ်ရေးအစီအစဉ်ကောင်းတစ်ခု ရှိနေပြီဟုဆို

**တိုကျို မတ် ၂၉**

ဂျပန်နိုင်ငံရှိ ဖူဂျီတောင်ကြီးသည် နှစ်ပေါင်း ၃၀၀ ကျော်အထိ မပေါက်ကွဲဘဲ ရှိနေခဲ့သည်။ သို့သော်လည်း တောင်ကြီး ပေါက်ကွဲခဲ့ပါက အဆိုပါပေါက်ကွဲမှုကို အကောင်းဆုံး လုပ်ဆောင်သွားရန် ဂျပန်နိုင်ငံ၌ မဟာဗျူဟာသစ်တစ်ခု ရှိနေပြီဖြစ်သည်။

ကြီးမားသော မီးတောင် ပေါက်ကွဲမှုသည် အိမ်နီးချင်း အသိုင်းအဝိုင်းများအတွက် ဘေးဒုက္ခဖြစ်စေနိုင်ပြီး တိုကျိုရှိ နေ့စဉ် လူနေမှုဘဝကို ထိခိုက်စေနိုင်သည်။ ကယ်ဆယ်ရေးအစီအစဉ်ကို မတ် ၂၉ ရက်က စတင်ခဲ့သည်။ အဆိုပါအစီအစဉ်ကို ဗဟိုအစိုးရနှင့်အတူ ခရိုင်သုံးခုက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ရှီဇူအိုကာ၊ ယာမာနာရှီ၊ ကန်နာဂါဝါ ခရိုင်များတွင် နေထိုင်သူ ၈၀၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အရ ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ကိုမျှ ချန်ထားခဲ့မည်မဟုတ်ပေ။ ပေါက်ကွဲမှုဖြစ်စဉ် လူများကို ကယ်ထုတ်ရန် လုပ်ဆောင်သွားမည် ဖြစ်သည်။ ရာသီဥတုပေါ်မူတည်ပြီး မီးတောင်ပြာများသည် တိုကျိုမြို့လယ်အထိရောက်ရှိနိုင်သည်။ သက်ဆိုင်ရာအာဏာပိုင်များသည် အဆိုပါအစီအစဉ်ကို လူနေမှုပုံစံနှင့် ကိုက်ညီအောင် အသေးစိတ် လုပ်ဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



## ဗီယက်နမ်၌ ယခုနှစ် ပထမသုံးလပတ်ကာလအတွင်း ရာဇဝတ်မှုဖြစ်ပွားမှု ၁၃ ရာခိုင်နှုန်းကျော် ကျဆင်းလာ

**ဟနွိုင်း မတ် ၂၉**

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ် ပထမသုံးလပတ်ကာလအတွင်း ရာဇဝတ်မှုဖြစ်ပွားမှုနှုန်း ၁၃ ရာခိုင်နှုန်းကျော်အထိ ကျဆင်းလာကြောင်း မတ် ၂၉ ရက်တွင် ဒေသတွင်း ဗီယက်နမ်နယူးစ်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

သုံးလပတ်ကာလအတွင်း ဗီယက်နမ်ရဲတပ်ဖွဲ့သည် လူမှုရေးစည်းမျဉ်းစည်းကမ်းချိုးဖောက်မှု ၈၉၀၁ မှု တွေ့ရှိခဲ့ပြီး သံသယရှိသူ ၂၀၂၉၈ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့ပြင် ရဲတပ်ဖွဲ့သည် အကျင့်ပျက်ခြစားမှုနှင့် ဆက်နွှယ်သော ပြစ်မှုကျူးလွန်သူ ၇၀၈ ဦး၊ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ပြစ်မှုကျူးလွန်သူ ၁၀၈၈၉ ဦးနှင့် ဘိန်းဖြူ ၁၇၇ ကီလိုဂရမ်၊ ခေတ်ဆေးဝါး ၁ ဒသမ ၁ တန်ကျော်နှင့် ခေတ်ဆေးပြား ၄၁၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုအရေအတွက် လျော့နည်းကျဆင်းရေးနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့အား ညွှန်ကြားထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၂၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင် မိသားစုများသည် ၎င်းတို့၏ သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ လတ်တလော စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကျောက်တော်မြို့ ကစ္ဆပနဒီခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။



ဦးစွာ တာဝန်ရှိသူများက အားပေးအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင်ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၆၄၄ စု အတွက် ငွေကျပ်သိန်း ၃၂၂၀ ကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၄၄ သိန်းနှင့် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit ၁ ပုံးနှုန်းဖြင့် Family Kit ၆၄၄ ပုံးကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် လူဦးရေ ၂၇၀၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၃၅၄၀၀၀ ကိုလည်းကောင်း စခန်းတာဝန်ခံများထံ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေထိုင်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ၏ အိမ်သုံးကုန် ပစ္စည်းများအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက မော်တော်ယာဉ်များ၊ စက်လှေများဖြင့် ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏ နေရပ်ကျေးရွာများ အရောက် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ၂၃၀ ကေဗွီ သထုံ - မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင် (၂) တိုင်အား မိုင်းခွဲဖောက်ခွဲဖျက်ဆီးမှု အခြေအနေများအား သတင်းထုတ်ပြန်ခြင်း

၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထို့သို့ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူး ပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၂၇-၃-၂၀၂၃ ရက်နေ့တွင် မော်လမြိုင်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် ဓာတ်အား (၈၀) မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အား ချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိသည့် ၂၃၀ ကေဗွီ သထုံ - မော်လမြိုင် ဓာတ်အားလိုင်း၏ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာ၊ ဒုံသမိချောင်းအနီးရှိ တာဝါတိုင်(၂)တိုင်ကို မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် (၁) တိုင်မှာ ပြိုလဲခဲ့ပြီး တာဝါတိုင် (၁) တိုင်မှာ အောက်ခြေ ခြေထောက် (၁) ချောင်း ပျက်စီးခဲ့ပါသည်။ အဆိုပါ တာဝါတိုင်များ ပြိုလဲပျက်စီးခဲ့မှုကြောင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသည့် ဓာတ်အား (၈၀) မဂ္ဂါဝပ် လျော့နည်းခဲ့ရပါသည်။

၃။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများမှ ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့်အကြိမ်ပေါင်း (၂၂၇) ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၂၃၀ ကေဗွီ သထုံ – မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင် (၁)တိုင် မိုင်းခွဲဖျက်ဆီးခံရ၍ ခြေထောက်တစ်ချောင်း ပျက်စီးနေပုံ။



၂၃၀ ကေဗွီ သထုံ – မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင် (၁) တိုင် မိုင်းခွဲဖျက်ဆီးခံရ၍ ပြိုလဲပျက်စီးနေပုံ။

---



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးသည် ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဘားအံ၌ အမှုထမ်းများအခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**ဘားအံ မတ် ၂၉**

အမှုထမ်းများ အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက်က ကရင်ပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးနှင့်တာဝန်ရှိသူများ၊ သင်ကြားပို့ချပေးမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အမှုထမ်းများ အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ ပြည်နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ် လေးမြို့နယ်တို့မှ အသစ်ခန့်အပ်ခဲ့သော အငယ်တန်းစာရေးဝန်ထမ်း ရှစ်ဦး တက်ရောက်ကြသည်။ ယင်းသင်တန်းတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ သမဝါယမ၊ ရုံးလုပ်ငန်း ဘာသာရပ်၊ ဘဏ္ဍာရေးစည်းမျဉ်းဘာသာရပ်၊ ဝန်ထမ်းစည်းမျဉ်း၊ အခြေခံစာရင်းရေးနှင့် စာရင်းကိုင်ပညာ၊ အခြေခံသမဝါယမအသင်းများတွင် ထားရှိရမည့် စာရင်းဇယား ရှစ်မျိုး ရေးသွင်းနည်း ဘာသာရပ်များကို သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိ

**(၂၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၀,၅၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၇၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၃၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၃-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၇၉,၁၈၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၆,၆၄၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၈-၃-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၇၉,၁၈၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၆,၆၄၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၂၀၀ | ၂၁၉၀ | ၂၁၆၀ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၀ | ၂၂၈၀ | ၂၂၉၅ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၀၀ | ၂၂၇၅ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၃၀ | ၂၂၅၀ | ၂၂၄၅ | ၂၁၃၅ | ၂၁၄၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၈၅ | ၂၄၁၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၀ | ၂၁၁၄ |
| 95 Ron | ၂၁၃၀ | ၂၂၀၆ |
| HSD (500 ppm) | ၁၉၉၂ | ၂၀၆၁ |
| HSD (50 ppm) | ၂၀၆၆ | ၂၁၃၆ |
| HSD (10 ppm) | ၂၀၆၆ | ၂၁၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေး” ဆိုင်ရှေ့၌ ဓားပြတိုက် လုယက်မှု ကျူးလွန်ခဲ့သည့် တရားခံများအား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၉

၂၀၂၃ ခုနှစ် မတ် ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၇၅)၊ ၈၅ (A) လမ်း၊ ၃၁ x ၃၂ လမ်းကြားရှိ “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေး” ဆိုင်ရှေ့၌ ရွှေဆိုင်ဝန်ထမ်း နှစ်ဦးက ငွေကျပ်သိန်း ၁၅၀၀ ကို စိန်သရဖူ ရွှေသန့်စင်လုပ်ငန်းသို့ ပို့ဆောင်ရန် Hijet ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ် စိစစ်ဆဲအမျိုးသား သုံးဦးသည် မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုသေနတ်ဖြင့် နှစ်ချက် ပစ်ဖောက်ကာ ငွေကျပ်သိန်း ၁၂၀၀ ကို ဓားပြတိုက် လုယက်ယူဆောင်သွားခဲ့သည်။

သို့ဖြစ်၍ လုံခြုံရေးပူးပေါင်းအဖွဲ့က ဖြစ်စဉ်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ ဆိုင်အတွင်း တပ်ဆင်ထားသည့် CCTV မှတ်တမ်းများအရ စိစစ်ဆဲအမျိုးသားသုံးဦးသည်ဓားပြတိုက် လုယက် ယူဆောင်သွားသည့် ငွေကြေးများအား ယာဉ်အမှတ်၊ YGN–5D/2975 Nissan March (အနက်ရောင်) ယာဉ်ဖြင့် သယ်ဆောင် ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ဓားပြတိုက်လုယက်သူများ စီးနင်းလိုက်ပါသွားသည့် ယာဉ်အား စုံစမ်းစစ်ဆေးရှာဖွေခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၁ လမ်း၊ ၁၃၅ x ၁၃၆ လမ်းကြားရှိ ခြံဝင်းအတွင်း ဆက်စပ်တရားခံ တင်စိုးနှင့် ကျော်တင်ဦး (ခ) ငပိန် တို့ နှစ်ဦးကို ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့်အတူ ဖြစ်စဉ်ဖြစ်ပွားပြီး နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။

## ဖမ်းဆီးရမိ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မတ် ၂၈ ရက် ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ရွာလမ်း၊ အကွက်အမှတ်၊ ၈၆၂ တွင် တရားခံ ဆန်းဝင်း အား ဖမ်းဆီးရမိခဲ့ပြီး အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ခနုံးကျေးရွာ၌ ဖမ်းဆီးရန်ကျန် တရားခံ ကျော်နိုင်၏ နေအိမ်မှ Sigsauer ပစ္စတို တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ၉ မမကျည် ၄၃ တောင့်၊ ဓားပြတိုက်လုယက်မှုတွင် ပါရှိသွားသည့် ငွေကျပ်သိန်း ၆၀၀၊ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်မှုန့် ၂၂၈၀ ဂရမ်နှင့် WY




စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀,၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံ ဆန်းဝင်း ၏ ထွက်ဆိုချက်အရ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၄၂ လမ်း၊ ၆၁ x ၆၂ လမ်းကြား၌ တရားခံ တင်စိုး (ခ) ရခိုင် အား ဓားပြတိုက် လုယက်မှုတွင် ပါရှိသွားသည့် ငွေကျပ် ၂၃၅ သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

## ထွက်ဆိုချက်

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ ဆန်းဝင်း သည် ၁၉၉၄ ခုနှစ်တွင် တာချီလိတ်မြို့၌ တရားမဝင် ရှေးဟောင်းပစ္စည်း ရောင်းဝယ်ပြုလုပ်မှုဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် ဖမ်းဆီးခံခဲ့ရပြီး ကျိုင်းတုံအကျဉ်းထောင်၌ ထောင်ဒဏ် ၃ နှစ် ကျခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကလောမြို့၊ မြို့အဝင် စစ်ဆေးရေးဂိတ်၌ ဘိန်းမည်း ၅ ပိဿာနှင့်အတူ ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ်နှစ် ၃၀ ထပ်မံ ကျခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သူဖြစ်ကြောင်း။

တရားခံ တင်စိုး (ခ) ရခိုင်သည် ၂၀၀၃ ခုနှစ်တွင် မူးယစ်ဆေးဝါးမှုဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့မရဲစခန်း၌ ဖမ်းဆီးခံခဲ့ရပြီး မြစ်ကြီးနားအကျဉ်းထောင်တွင် ထောင်ဒဏ် ခုနစ်နှစ်ကျခံခဲ့ရကာ ၂၀၀၉ ခုနှစ်တွင်ပြစ်ဒဏ်စေ့သဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သူဖြစ်ကြောင်း။

တရားခံ ဆန်းဝင်း ၏ ထွက်ဆိုချက်အရ ဓားပြတိုက် လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတို နှစ်လက်နှင့်ခဲယမ်းများအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလခန့်တွင် ဖယ်ခုံမြို့နယ်၊ လအိကျေးရွာသို့ သွားရောက်၍ ဖမ်းဆီးရန်ကျန်တရားခံ မောင်ဆန်းထံမှ ငွေကျပ် ၁၀၂ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု တစ်ကြိမ်နှင့် ဓားပြတိုက် လုယက်မှု သုံးကြိမ် ကျူးလွန်ခဲ့ကြောင်း သိရှိရသည်–

- ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် တရားခံ ဆန်းဝင်းသည် ဓားပြတိုက်လုယက်မှု ပြုလုပ်ရန်အတွက် အမရပူရမြို့နယ်အတွင်း လိုက်လံကြည့်ရှုစဉ် ညောင်ပင်ကုန်းကျေးရွာ၊ (၄) ရပ်ကွက်၌ ရွှေဆွဲကြိုး၊ ရွှေလက်ကောက် များ ဝတ်ဆင် ထားသော ဒေါ်ခင်လတ်အား တွေ့ရှိ၍ ၎င်း၏ နေအိမ်ကို ဓားပြတိုက် လုယက်ရန် ကြိုတင် သတ်မှတ်ထားရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆန်းဝင်း ခေါင်းဆောင်၍ တင်စိုး (ခ) ရခိုင်၊ တင်စိုး၊ ကျော်တင်ဦး (ခ) ငပိန်၊ ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သည့် တမောင်း၊ ကျော်နိုင် တို့သည် ဒေါ်ခင်လတ် ၏ နေအိမ်အား ဝင်ရောက် ဓားပြတိုက် လုယက်ခဲ့ကြောင်း၊ ထိုသို့ဓားပြတိုက် လုယက်နေစဉ် ဒေါ်ခင်လတ်၏ မောင်ဖြစ်သူ ဒုရဲမှူး ဝင်းမင်းသန့် ရောက်ရှိလာပြီး ၎င်းတို့အား လုံးထွေးသတ်ပုတ် ဖမ်းဆီးခဲ့သဖြင့် တရားခံ ဆန်းဝင်းမှ ပစ္စတိုဖြင့် သုံးချက်ပစ်၍ လုပ်ကြံသတ်ဖြတ်ကာ နေအိမ်အတွင်းမှ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ကောက် သုံးကွင်း၊ ရွှေလက်စွပ် လေးကွင်း၊ ငွေကျပ်သိန်း ၃၀၀ နှင့် ဒုရဲမှူး ဝင်းမင်းသန့် ကိုင်ဆောင်သည့် ခြောက်လုံးပြူး တစ်လက်တို့ကို ဓားပြတိုက် လုယက် ယူဆောင်သွားခဲ့ကြောင်း၊

*စာမျက်နှာ ၁၇ သို့*



၂၇-၃-၂၀၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၌ ဓားပြတိုက်လုယက်ခံရသည့် “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေ ရောင်းဝယ်ရေးဆိုင်” ၏ မှတ်တမ်းဓာတ်ပုံ။




၂၇-၃-၂၀၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ “စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေ ရောင်းဝယ်ရေးဆိုင်” အား ဓားပြတိုက်လုယက်စဉ် တွေ့ရှိရသည့် CCTV မှတ်တမ်းဓာတ်ပုံ။



၁၂-၃-၂၀၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက်၊ ၂၆ x ၂၇ လမ်းကြား၌ ဓားပြတိုက်လုယက်ခံရသည့် ဒေါ်တောမုန့်တီဆိုင် မှတ်တမ်းဓာတ်ပုံ။



ဒုရဲမှူး ဝင်းမင်းသန့် (သေဆုံး)

# မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ကျောက်ကပ်သန့်စင်ခန်း တည်ဆောက်ရန် အလှူငွေပေးအပ်

**မြိတ် မတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို နှင့်အဖွဲ့ဝင်များသည် မတ် ၂၈ ရက်က မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ပြည်သူလူထု၏ ကျောက်ကပ်နှင့် သက်ဆိုင်သည့် ရောဂါဝေဒနာများကို ကြည့်ရှု စစ်ဆေးကုသပေးမည့် ကျောက်ကပ်သန့်စင်ခန်း အဆောက်အအုံ တည်ဆောက်ရန် စေတနာရှင် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းပွဲသို့ တက်ရောက်သည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောက်ကပ်သန့်စင်ခန်း အဆောက်အအုံကို သီးခြား တည်ဆောက်သည်က ပိုမိုကောင်းမွန်သည့်အပြင် ကူးစက်နိုင်မည့်ကိစ္စများအပါအဝင် ကျောက်ကပ်ဆေး ရမည့် ဝေဒနာရှင်များ နားနေနိုင်ရန်နှင့် အဘက်ဘက် မှ ဆေးကုသမှုအဆင်ပြေစေမည် ဖြစ်ကြောင်း၊ ကျောက်ကပ်သန့်စင်ခန်း အဆောက်အအုံ တည်ဆောက်ပြီးပါက မြိတ်ဒေသဝန်းကျင်တွင် ရှိသည့် ပြည်သူများစွာ အဆင်ပြေကြမည်ဖြစ်ကြောင်း၊



အထူးသဖြင့် ကျောက်ကပ်သန့်စင်သည့် စက်များ ထားမည့် အဆောက်အအုံဆောက်ရန်အတွက် လှူဒါန်းပေးကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ကပ်သန့်စင်ခန်း အဆောက် အအုံနှင့် ကျောက်ကပ်သန့်စင်ခန်းတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် မတည်အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက ရှင်းလင်း တင်ပြပြီး စေတနာရှင်အလှူရှင် ၁၂ ဦးက ကျောက်ကပ်သန့်စင်ခန်းတွင် အသုံးပြုရန် လိုအပ် သော ပစ္စည်းများဝယ်ယူနိုင်ရန် ကျပ်သိန်း ၁၀၀ နှင့် ကျောက်ကပ်သန့်စင်ခန်း အဆောက်အအုံ တည်ဆောက်ရန် ကျပ်သိန်း ၉၀၀ ကို လှူဒါန်းပေးအပ် ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လက်ခံရယူခဲ့ကြပြီး(ဓါတ်ပုံ) ဆေးရုံအုပ်ကြီး ဒေါက်တာ သန္တာမျိုးဝင်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြား သည်။

ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်မည့် ကျောက်ကပ်သန့်စင်ခန်း အဆောက်အအုံသည် အလျား ၈၃ ပေ၊ အနံ ၃၅ ပေ အာရ်စီတစ်ထပ်အဆောက် အအုံဖြစ်ပြီး ကျပ်သိန်း ၂၀၀၀ ခန့် ကုန်ကျနိုင်မည်ဖြစ် ကြောင်း၊ အဆိုပါအဆောက်အအုံတွင် လူနာစမ်းသပ် ခန်း၊ ကျောက်ကပ်သန့်စင်ခန်း၊ ရေသန့်စင်စက်အခန်း၊ ပြင်ပလူနာကြည့်ရှုအခန်းများ ပါဝင်မည်ဖြစ်ပြီး မကြာမီ တည်ဆောက်ရေးလုပ်ငန်းကို စတင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြည်သူ့ဆေးရုံ ကျောက်ကပ်သန့်စင်ခန်း အဆောက်အအုံ တည် ဆောက်ရေးကော်မတီမှ သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

ဓားပြတိုက် လုယက် ယူဆောင် လာသည့် ရွှေထည်ပစ္စည်းများအား ချမ်းအေးသာစံမြို့နယ်၊ အောင်နန်း ရိပ်သာ အနောက် ရပ်ကွက်ရှိ “စိန်ကျော်မိုး ရွှေသန့်စင် နှင့် မီးလင်းရွှေ ရောင်း ဝယ်ရေးဆိုင်” သို့ သွား ရောက်၍ ငွေကျပ်သိန်း ၈၀ ဖြင့် ရောင်းချခဲ့ ကြောင်း။

➢ မတ် ၁၁ ရက်တွင် တရားခံ ဆန်းဝင်း သည် ချမ်းအေး သာစံမြို့နယ်၊ သီရိဟေမာ အနောက် ရပ်ကွက်၊ ၂၆ x ၂၇ လမ်းကြားရှိ “ဒေါ်တော မုန့်တီဆိုင်” သို့ ပါဆယ်သွားရောက် ဝယ်ယူစဉ် ဆိုင်ပိုင်ရှင် မှာ ရွှေဆွဲကြိုး အကြီး တစ်ကုံးနှင့် ရွှေလက် ကောက်များ ဝတ်ဆင် ထားသည်ကို တွေ့ရှိ သဖြင့် ဓားပြတိုက် လုယက်ရန် ကြိုတင် သတ်မှတ် ထားရှိခဲ့ ကြောင်း၊ မတ်လ ၁၂ ရက် တွင် တရားခံ ဆန်းဝင်း နှင့် ဖမ်းဆီးရန်ကျန် တရားခံ တမောင်း တို့ သည် “ဒေါ်တော မုန့်တီ ဆိုင်” သို့ သွားရောက်၍ ဆိုင်ပိုင်ရှင် ဒေါ်မာလွင် အား လက်နက်ဖြင့် ခြိမ်းခြောက်ကာ ရွှေ ဆွဲကြိုး တစ်ကုံး၊ ရွှေ လက်ကောက် တစ်ကွင်း နှင့် ရွှေလက်စွပ် တစ်ကွင်း တို့ကို ဓားပြတိုက် လုယက် ယူဆောင်ခဲ့ ကြောင်း၊ ဓားပြတိုက် လုယက် ယူဆောင်လာ သည့် ရွှေထည်ပစ္စည်း များအား ချမ်းအေးသာစံ မြို့နယ်၊ အောင်နန်း ရိပ်သာ အနောက် ရပ်ကွက်ရှိ “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေ ရောင်းဝယ်ရေးဆိုင်” သို့ သွားရောက်၍ ငွေကျပ် သိန်း ၄၀ ဖြင့် ရောင်းချ ခဲ့ကြောင်း။

**ဓားပြတိုက်လုယက်ရန်စီစဉ်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဆန်းဝင်း သည် ဓားပြတိုက် လုယက်ယူဆောင် လာသည့် ရွှေထည်ပစ္စည်းများအား “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေ ရောင်းဝယ်ရေးဆိုင်” သို့ သွားရောက်ရောင်းချစဉ် ဆိုင်အတွင်း၌ ငွေစက္ကူများအား ဆာလာအိတ်ဖြင့် ထည့်ထား သည်ကို တွေ့ရှိခဲ့သဖြင့် ၎င်းဆိုင် အား ဓားပြတိုက်ရန် စီစဉ်ခဲ့ပြီး ဓားပြတိုက်လုယက်ရာတွင် အသုံး ပြုရန် Nissan (အနက်ရောင်) လိုင်စင်မဲ့ ယာဉ်တစ်စီးအား ဝယ်ယူခဲ့ကြောင်းနှင့် တရားခံ ကျော်တင်ဦး (ခ) ငပိန်သည် ရွှေဆိုင်ဝန်ထမ်းများ ငွေစက္ကူများ သယ်ယူမည့်အချိန်ကို ကြိုတင် စောင့်ကြည့်လေ့လာ၍ ဓားပြ တိုက် လုယက်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိ ရသည်။

**ဓားပြတိုက်စဉ်သေနတ်ပစ်ဖောက်**

ထို့နောက် မတ် ၂၇ ရက် ညနေပိုင်းတွင် တရားခံ ဆန်းဝင်း၊ တင်စိုး (ခ) ရခိုင်၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် တမောင်း၊ ကျော်နိုင် တို့သည် လက်နက်များ ကိုင်ဆောင်ကာ “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေ ရောင်းဝယ်ရေးဆိုင်”သို့ မော်တော် ယာဉ်ဖြင့် သွားရောက်ဓားပြတိုက် လုယက်ခဲ့ကြောင်း၊ ထိုသို့ ဓားပြ တိုက်လုယက်စဉ် တင်စိုး (ခ) ရခိုင်မှ ၎င်းကိုင်ဆောင်လာသည့် ခြောက်လုံးပြူး သေနတ်ဖြင့် နှစ် ချက် ပစ်ဖောက်ခဲ့ပြီး ဝန်ထမ်း များအား ထိုင်ခိုင်းကာ ငွေစက္ကူ များ ထည့်ထားသည့် ဆာလာ အိတ် လေးအိတ်ကို ကားပေါ်သို့ ပြောင်းရွှေ့ တင်ဆောင်ကာ မောင်းနှင် ထွက်ပြေးခဲ့ကြောင်း၊ ယင်းနောက် ငွေစက္ကူအိတ်များနှင့် ဓားပြတိုက်လုယက်ရာတွင် အသုံး ပြုသည့် သေနတ် သုံးလက်တို့အား မြစ်ငယ်မြို့၊ ခနဲ့ကျေးရွာရှိ ဖမ်းဆီးရန်ကျန်တရားခံ ကျော်နိုင် ၏ နေအိမ်နှင့် တရားခံ တင်စိုး (ခ) ရခိုင်၏ နေအိမ်တို့တွင် နေရာခွဲ၍ သိမ်းဆည်း ထားခဲ့ကြောင်း၊ ထို့အပြင် ၎င်းတို့နှင့်အတူ ဖမ်းဆီး ရမိသည့် မူးယစ်ဆေးဝါးများမှာ ဖယ်ခုံမြို့နယ်၊ လအိကျေးရွာနေ ဖမ်းဆီးရန်ကျန် တရားခံ မောင်ဆန်းမှ ရောင်းချရန်အတွက် ပို့ဆောင် ပေးထားခြင်းဖြစ် ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖော်ထုတ်ဖမ်းဆီး**

ဖြစ်စဉ်တွင် ဓားပြတိုက် လုယက်မှု ကျူးလွန်ခဲ့သည့် တရားခံ ကျား လေးဦးအား Sigsauer ပစ္စတို တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ခြောက် လုံးပြူး တစ်လက်၊ ၉ မမကျည် ၄၃ တောင့်၊ ဓားပြတိုက်လုယက် မှုတွင် ပါရှိသွားသည့် ငွေကျပ် ၈၃၅ သိန်း၊ ဘိန်းဖြူဟု ယူဆရ သော ဖြူဝါရောင်မှုန့် ၂၂၈၀ ဂရမ်၊ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀,၀၀၀ နှင့် ဓားပြတိုက် လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ် ကြိုးပမ်းဖော်ထုတ်ခြင်း၊ တာဝန် သိပြည်သူ အချို့ကလည်း အချိန် နှင့်တစ်ပြေးညီ သတင်းပေးပို့ ပူးပေါင်း ပါဝင်ခြင်းများကြောင့် ဓားပြတိုက် လုယက်ခဲ့သည့် ဖြစ်စဉ်အား ၂၄ နာရီအတွင်း ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

**ထိရောက်စွာအရေးယူမည်**

အဆိုပါ ဖမ်းဆီးရမိ တရားခံ များအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် ဓားပြတိုက်လုယက်ယူဆောင် သွားသည့် ရွှေထည်ပစ္စည်းများ အား ထုခွဲရောင်းချရာ၌ တရား မဝင် လက်ခံဝယ်ယူခဲ့သည့် “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေ ရောင်းဝယ်ရေးဆိုင်” ကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ဓားပြတိုက် လုယက်မှုတွင် ပါဝင်ကျူးလွန် ခဲ့သည့် တရားခံပြေး နှစ်ဦးကို လည်း ဆက်လက်ဖော်ထုတ်၍ အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင် ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘ ပြည်သူများအနေဖြင့် အဆိုပါ တရားခံပြေးများအား တွေ့မြင် သိရှိရပါက လျှို့ဝှက်စွာသတင်း ပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူ များအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ် ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် များအနေဖြင့်လည်း ရပ်ရွာ အေးချမ်းသာယာရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ် ဖမ်းဆီးရမိနိုင် ရေးတို့အတွက် နေ့ညမပြတ် ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**




ဓားပြတိုက်မှုဖြစ်စဉ်မှ တရားခံများနှင့် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း၊ မူးယစ်ဆေးဝါး၊ ငွေကြေး များနှင့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။



ဓားပြတိုက်လုယက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းနှင့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ။



ပြန်လည်သိမ်းဆည်းရမိသည့် ဓားပြတိုက်လုယက်ယူဆောင်သွားသော ငွေကျပ် ၈၃၅ သိန်း။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးထုတ်ပြန်ခဲ့**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ညောင်ကိုင်းကြီးကျေးရွာနေ ကျော်သောင်းသည် ၎င်းအသုံးပြုသည့် “KO KYAW THAUNG” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက်တွင် နေထိုင်ကြသူများဖြစ်သည့် ဇော်ဝင်းသန်း (ခ) ဇော်ဝင်းထွန်းနှင့် မျိုးမြင့်သိန်း(ခ)မင်းမင်းတို့သည် ၎င်းတို့အသုံးပြုသည့် “Zaw Win Than” Facebook အကောင့်နှင့် “Min Min” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဆက်လက်ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Kenbo 125 အမျိုးအစား မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီးတန်းဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၁၁၆၅၀) ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် Huawei Power Rating နှစ်ခု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၄၉၂၈၄) ကိုလည်းကောင်း၊ လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အိုရီယမ်တယ် စစ်ဆေးရေးဂိတ်အနီးတွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားမဝင် ပိတောက်သစ်ခွဲသားဆိုက်စုံ ၀ ဒသမ ၈၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၇၈၀၉၃၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သာယာဝတီခရိုင် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် မုက္ခာကြိုးဝိုင်းအတွင်း၌ တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၇၄ ဒသမ ၈၉၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၉၂၅၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၇၃၄၉၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မချမ်းဘော့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထပ်ဆောင်းချေးငွေ လွှဲပြောင်းပေးအပ်

**မချမ်းဘော့ မတ် ၂၉**

ကချင်ပြည်နယ် မချမ်းဘော့မြို့၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က ထုတ်ချေးပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက်မတည်ရန်ပုံငွေထပ်ဆောင်း ငွေကျပ်သိန်း ၈၈၀ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မလိခ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အမှာစကားပြောကြားကာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မွေးမြူရေးအတွက် မတည်ရန်ပုံငွေကျပ်သိန်း ၄၈၀ ကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ကျေးရွာစီမံကိန်းကော်မတီအဖွဲ့ထံသို့လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝက်မွေးမြူရေးအတွက် မတည်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးအတွက် မတည်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း ကျေးရွာစီမံကိန်း ကော်မတီအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါချေးငွေထပ်ဆောင်းထောက်ပံ့ရန်ပုံငွေဖြင့် ငါးမွေးမြူရေးကို မြို့ပေါ်ရပ်ကွက်လေးခုနှင့် အင်ဘူးဘော့၊ မန်နို၊ ပန်ဆပ်၊ ဇော်ကန်၊ ခန်ကျို၊ နန်စပွန်၊ နမ်ခမ်ကျေးရွာများရှိ ငါးမွေးတောင်သူ ၄၈ ဦးက လည်းကောင်း၊ စိုက်ပျိုးရေးကို မြို့ပေါ်ရပ်ကွက်လေးခုရှိ တောင်သူ ၁၆ ဦးက လည်းကောင်း၊ ဝက်မွေးမြူရေးကို မြို့ပေါ် အမှတ်(၃)၊ အမှတ်(၄) ရပ်ကွက်ရှိ တောင်သူ ၄၀ တို့က လည်းကောင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



**ယောရွှေနီ(မချမ်းဘော့)**

## အုတ်တွင်းမြို့နယ်၌ အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကျင်းပ

**အုတ်တွင်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့်ဘာသာရပ် စွမ်းရည်မြှင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အုတ်တွင်းအထက ပညာသီရိခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်မာလာမြင့်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလွင်က စနစ်သစ်ပညာရေးတွင် သတ်မှတ်ထားသည့် သင်ကြားရေးစနစ် မြင့်မားလာစေရေးနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်စွာ ပြန်လည်သင်ကြားပို့ချနိုင်စေရေးအတွက် အခြေခံပညာ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းကို ဆွေးနွေးပို့ချခြင်းဖြစ်ကြောင်း သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား ဆရာ ဆရာမများအား ဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဘာသာရပ် စွမ်းရည်မြှင့် ဆွေးနွေးပွဲကို မတ် ၂၈ ရက် မှ ၃၁ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အဆိုပါ သင်တန်းသို့ သင်တန်းနည်းပြ ဆရာ ဆရာမ ၂၉ ဦးနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၈၅၇ ဦး တက်ရောက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးသို့ တက်ရောက်

**မုံရွာ မတ် ၂၉**

ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးတက်ရရှိကာ အမျိုးသမီးငယ်များ သက်မွေးပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁၁/၂၀၂၃) ဖွင့်ပွဲကို မတ် ၂၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အားကစားနှင့်ကာယပညာသိပ္ပံ (မုံရွာ) သင်တန်းခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### လက်တွေ့အသုံးချ ချုပ်လုပ်

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကလေးအလုပ်သမားပပျောက်ရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှသာ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ် အောင်မြင်မည်ဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးပါက လက်တွေ့အသုံးချနိုင်ရန်နှင့် တစ်ဦးချင်းချုပ်လုပ်ခြင်းမှသည် MSMEs လုပ်ငန်းများဆီသို့ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းခန်းမအတွင်း ပြသထားသော အပ်ချုပ်စက်များနှင့် သင်တန်းတွင် အသုံးပြုသွားမည့် သင်ထောက်ကူပစ္စည်းများအား လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ သင်တန်းသူ ၂၁ ဦး တက်ရောက်သွားမည်ဖြစ်ရာ သင်တန်းကာလ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

### ရင်းနှီးမြှုပ်နှံမှုအစည်းအဝေး

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၃) သို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ယခင်အစည်း အဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများနှင့် ဆန်နှင့် သီးနှံကြိတ်ခွဲရေးသုံးစက်ပစ္စည်းများ



ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် NCY International Co., Ltd. ၏ တည်ဆောက်ရေးကာလ ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးရန် တင်ပြလာခြင်းနှင့် ကျောက်စိမ်း၊ ကျောက်မျက်အချောထည်နှင့် လက်ဝတ်ရတနာထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေသည့် Pyi Kyaw Aung Htay Gems Co., Ltd. မှ တည်ဆောက်ရေးကာလ ဒုတိယအကြိမ် တိုးမြှင့်ခွင့် တင်ပြလာခြင်းနှင့် အပန်းဖြေဥယျာဉ်၊ ခေတ်မီကစားကွင်းဝန်ဆောင်မှုလုပ်ငန်း တည်ဆောက်ရေးကာလ ပထမအကြိမ် တိုးမြှင့်ခွင့်တင်ပြလာခြင်းတို့အား Power Point ဖြင့် ရှင်းလင်းတင်ပြပြီး NCY International Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက စက်ရုံမှ စွန့်ဦးတီထွင်ထုတ်လုပ်သွားမည့် စက်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြစ်ကြီးနား မတ် ၂၉**

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့်အတူ ပြည်နယ်အစိုးရအဖွဲ့၏ ဗဟိုမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ်/ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုနှစ်တွင် ကျရောက်မည့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့် မတူ ပိုမိုစည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် မြန်မာတို့၏ ယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို အနှစ်သာရရှိစွာ ကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းပေါင်းစပ် ဆွေးနွေးသွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး၊ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဟာသင်္ကြန်ပွဲတော်တွင် ဗဟိုမဏ္ဍပ်အပါအဝင် ဖျော်ဖြေရေးမဏ္ဍပ်/ ရေကစား မဏ္ဍပ် ခုနစ်ခု ထပ်တိုး တည်ဆောက်နိုင်ရေး အတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြသည်။ **ပြည်နယ် (ပြန်/ဆက်)**

# မြောက်ဦးမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မြောက်ဦး မတ် ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမကဏ္ဍတို့တွင် ထုတ်ကုန်များ တိုးချဲ့ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၈ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က မတည်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမကဏ္ဍများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် မြောင်းဘွေကျေးရွာ၊ လောင်းကြက်ကျေးရွာ၊ ပန်းမော်ကျေးရွာများအား တစ်ရွာလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ကျေးရွာ သုံးရွာအတွက် စုစုပေါင်းငွေကျပ် ၁၈၀၀ ကို ကျေးရွာအလိုက် စိုက်ပျိုးရေးကဏ္ဍမြစိမ်းရောင်အသင်း တာဝန်ရှိသူတို့က လက်ခံရယူကြပြီး သမဝါယမကဏ္ဍတွင် မောင်ရှိကန်ကျေးရွာ၊ ရွှေအားမာန် မွေးမြူရေးသမဝါယမအသင်းမှ အသင်းသား ၃၅ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၄၀ တို့ကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြေယာစီမံခန့်ခွဲရေး(ဆောင်းပါးချုပ်)စာအုပ်ထွက်ရှိ

**နေပြည်တော် မတ် ၂၉**


ဆရာ ညီညီမင်း(ထွေ/အုပ်)၏ မြေယာစီမံခန့်ခွဲရေး (ဆောင်းပါးချုပ်)စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ယင်းစာအုပ်တွင် တရားဥပဒေစိုးမိုးရေး၊ မြေယာကျူးကျော်မှုပပျောက်စေရေး ကြိုးပမ်းပေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည့် မြေယာစီမံခန့်ခွဲမှု၊ မြေယာစီမံခန့်ခွဲမှု စနစ်တကျရှိစေရေး ဝိုင်းဝန်းကြိုးပမ်းပေး၊ မြေယာစီမံခန့်ခွဲမှုတွင် အဓိကကျသည့် မြေပုံ၊ ကွင်းမြေပုံနှင့် မြေစာရင်း မှန်ကန်ရေးဦးစားပေးရန်နှင့် ဆောင်ရွက်သင့်သည့် One Map Myanmar စီမံကိန်း၊ မြေယာခွန်စည်းကြပ်ခြင်းနှင့် ခိုင်ကြေး၊ မြန်မာနိုင်ငံရှိ မြေအုပ်စု သုံးစုရှိ မြေမျိုး ၂၂ မျိုး စီမံခန့်ခွဲမှုစသည့် မြေယာစီမံခန့်ခွဲရေးနှင့်သက်ဆိုင်သူများအားလုံး ဖတ်ရှုလေ့လာသင့်သည့် ဆောင်းပါး ခုနစ်ပုဒ်ကို တစ်စုတစ်စည်းလေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အတူ ယင်းစာအုပ်တွင် မြေယာစီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များဖြစ်သည့် မြေအမျိုးအစားအမျိုးမျိုးပေါ်တွင် ကျူးကျော်နေထိုင်မှုအား ဖယ်ရှားဆောင်ရွက်ခြင်းနည်းလမ်းများ (နောက်ဆက်တွဲ - က)၊ မြေယာအပေါ် ကျူးကျော်သူများ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် စိစစ်တင်ပြချက် (နောက်ဆက်တွဲ - ခ )၊ ဝန်ကြီးဌာနအလိုက် မြေယာစီမံခန့်ခွဲခြင်း အခြေပြဇယား (နောက်ဆက်တွဲ - ဂ)၊ မြေအမျိုးအစားအလိုက် မြေယာစီမံခန့်ခွဲခြင်း အခြေပြဇယား (နောက်ဆက်တွဲ - ဃ )၊ မြေယာစီမံခန့်ခွဲမှု လုပ်ငန်းများနှင့်ပတ်သက်၍ ပြင်ဆင်ဖြေလျှော့ပေးထားသည့် လုပ်ထုံးလုပ်နည်းများနှင့် မူလလုပ်ထုံးလုပ်နည်းများ (နောက်ဆက်တွဲ - င )၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ရာကောက်တွင် အသုံးချလျက်ရှိသည့် မြေအမျိုးအစား ၂၂ မျိုး စာရင်း (နောက်ဆက်တွဲ - စ )၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရှိ မြေယာဌာနမှဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များ(နောက်ဆက်တွဲ - ဆ )အဖြစ် ဖော်ပြပေးထားသည်။

ယင်းစာအုပ်ကို ဖုန်း- ၀၉-၄၂၈၄၆၀၀၈၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**



# (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ကကြီးမှူး၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ဦးဆောင်ကျင်းပသော (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို လှိုင်မြို့နယ် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ ကျင်းပပြီး အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲဝင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်း၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး (ယာပုံ) ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စသည်ဖြင့် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု တစ်ဆုတို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် မတ် ၂၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ အုပ်စုပတ်လည် ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိကွင်းအမှတ် (၁) သို့ ရောက်ရှိပြီး အုပ်စု (၁) ကွန်ပျူတာတက္ကသိုလ် (အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း (ခ) ကွန်ပျူတာတက္ကသိုလ် (မန္တလေး၊ လားရှိုး၊ တောင်ကြီး) နှင့် အသင်း (ဂ) ကွန်ပျူတာတက္ကသိုလ် (မကွေး၊ မိတ္ထီလာ) များမှ ကျောင်းသားအားကစားသမားများ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပွဲစဉ်တွင် အသင်း (ခ) မှ အသင်း (ဂ) ကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိကွင်းအမှတ် (၃) ၌ အုပ်စု (၃) နည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း (ခ) နည်းပညာတက္ကသိုလ် (ကျောက်ဆည်၊ တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ) နှင့် အသင်း (ဂ) နည်းပညာ တက္ကသိုလ် (မန္တလေး၊ ရတနာပုံ ဆိုက်ဘာစီးတီး၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း) တို့ ပြိုင်ပွဲ (ဝဲပုံ) ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပွဲစဉ်တွင် အသင်း(ခ) က အသင်း (ဂ) ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ (၁၇) ကြိမ်မြောက် အသက် ၆၈ နှစ်အထက် သက်ကြီးပူဇော်ပွဲ ဧပြီ ၈ ရက်တွင် ဗထူးကွင်း၌ ကျင်းပမည်

**မန္တလေး မတ် ၂၉**

မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ (၁၇) ကြိမ်မြောက် အသက် ၆၈ နှစ်အထက် သက်ကြီးပူဇော်ပွဲကို မန္တလေးမြို့လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်ရှိ ဗထူးအားကစားကွင်းတွင် ဧပြီ ၈ ရက် (စနေနေ့) မွန်းလွဲ ၃ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင် ဦးညိုဝင်း ထံမှ သိရသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် အသက် ၆၈ နှစ်နှင့်အထက် မန္တလေးဘောလုံးသမားဟောင်း ၄၂ ဦးတို့အား အလှူငွေ၊ ဆေးဝါးအစုံ အပါအဝင် ပစ္စည်းစုံတို့ဖြင့် ဂါရဝပြုကန်တော့မည်ဖြစ်ရာ ကစားသမားများအနေဖြင့် သက်ကြီးပူဇော်ပွဲပါ ကန်တော့ခံများအတွက် ပါဝင်လှူဒါန်းလိုပါက သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များထံ ဖုန်း ၀၉-၂၀၀၁၁၂၀၊ ၀၉-၂၀၃၂၉၈၁၊ ၀၉-၂၀၀၉၈၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်မောင်-မန်း**

◆ *ကျော့ဖုံးမှ*

စပိန်အသင်းသည် ယခုပွဲစဉ်တွင် စကော့တလန်အသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။ စကော့တလန် ကစားသမား တွန်မီနေးသည် ဆိုက်ပရပ်စ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ယခုပွဲစဉ်တွင်လည်း နှစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။

စပိန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် စကော့တလန်အသင်းကို ပွဲချိန်တစ်လျှောက် ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့သည့်အတွက် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။ စကော့တလန်အသင်းသည် လာမည့်ပွဲစဉ်တွင် နော်ဝေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စပိန်အသင်း၊ အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အခြားသော ပွဲစဉ်ရလဒ်များတွင် ခရိုအေးရှားအသင်းက တူကီယဲအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သလို ဝေးလ်အသင်းကလည်း လတ်ဗီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## ၂၀၂၃ ရာသီ MNL-2 (ပထမတန်း) ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

မြန်မာနေရှင်နယ်လိဂ်က စီစဉ်ကျင်းပသည့် ၂၀၂၃ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ဧပြီ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**တန်းတက်ခွင့်ရမည်**

လာမည့်ရာသီ MNL-2 ပြိုင်ပွဲတွင် အသင်းဟောင်းများဖြစ်သည့် Junior Lions (ခ) မြန်မာ ယူ-၁၉ အသင်း၊ မောရဂဝတီအသင်းနှင့် တက္ကသိုလ်အသင်းတို့ သုံးသင်း ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းသစ်များအဖြစ် သစ္စာအားမာန်အသင်း၊ ငွေကြယ်ပွင့်အသင်း၊ ရက္ခပူရယူနိုက်တက်အသင်း၊ Port အသင်း၊ Glory Goal အသင်း၊ Golden Grit အသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုရာသီတွင် အမှတ်အများဆုံးရရှိသည့် နှစ်သင်းမှာ MNL သို့ တန်းတက်ခွင့်ရမည်ဖြစ်ပြီး အမှတ်အနည်းဆုံး နှစ်သင်းမှာမူ အပျော်တမ်းလိဂ်သို့ တန်းဆင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဧပြီ ၂၄ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ပဒုမ္မာကွင်းနှင့် စလင်းကွင်းတွင် ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၄ ရက်မှ ဇွန် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁) အဖြစ် ဧပြီ ၂၄ ရက်တွင် စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်း၊ ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ ဧပြီ ၂၅ ရက်တွင် စလင်းကွင်း၌ မောရဂဝတီအသင်းနှင့် Port အသင်း၊ ပဒုမ္မာကွင်း၌ Glory Goal အသင်းနှင့် Golden Grit အသင်း၊ ဧပြီ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ ရွှေပြည်သာအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**တန်းတက်၊ တန်းဆင်းကျင့်သုံးရန် ကျင်းပ**

MNL ပြိုင်ပွဲကို တန်းတက်၊ တန်းဆင်းစနစ်ကျင့်သုံးနိုင်ရန် MNL-2 ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ရာသီတွင် ချင်းယူနိုက်တက်အသင်း၊ ၂၀၁၄ ရာသီတွင် ဟံသာဝတီအသင်း၊ ၂၀၁၅ ရာသီတွင် Southern အသင်း၊ ၂၀၁၆ ရာသီတွင် မနောမြေအသင်း၊ ၂၀၁၇ ရာသီတွင် စီးတီးရန်ကုန်အသင်း၊ ၂၀၁၈ ရာသီတွင် ရှိုင်ရယ်သန်လျင်အသင်း၊ ၂၀၁၉ ရာသီတွင် ချင်းယူနိုက်တက်အသင်း၊ ၂၀၂၂ ရာသီတွင် တက္ကသိုလ်အသင်းတို့ ချန်ပီယံဆုရရှိခဲ့သည်။ ၂၀၂၀ ရာသီတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပထမအကျော့အပြီး ပြိုင်ပွဲဖျက်သိမ်းခဲ့ရပြီး ၂၀၂၁ ခုနှစ်တွင် ပြိုင်ပွဲကျင်းပခဲ့ခြင်းမရှိပေ။

**ရဲရင့်လွင်**

❖ *ကျော့ဖုံးမှ*

အဆိုပါဗိုဗီနမ်ပြိုင်ပွဲ၌ အမျိုးသားတစ်ဦးချင်းတွင် အိုက်စိုးလင်း၊ အမျိုးသား နှစ်ယောက်တွဲတွင် မနားကျီ+တင်ထူးဇော်၊ အမျိုးသမီး နှစ်ယောက်တွဲတွင် ခိုင်ဝါဖူး+မေဟန်နီအောင်လွင်၊ အမျိုးသားပြိုင်ပွဲ ငါးယောက်တွဲတွင် အောင်ခိုင်လင်း + ဟိန်းထက်အောင် + ကျော်သူစိုးအောင် + ရာဇာထွန်း+နေလင်းထက်၊ အမျိုးသားပြိုင်ပွဲတွင် မနားကျီ + အိုက်စိုးလင်း + ရာဇာထွန်း + တင်ထူးဇော် + မင်းမင်းထိုက်တို့အတွဲက ရွှေတစ်ခုစီ၊ အမျိုးသားတစ်ဦးချင်းတွင် ရာဇာထွန်း၊ အမျိုးသား + အမျိုးသမီး ပြိုင်ပွဲတွင် ကျော်သူစိုးအောင် + နေလင်းထက် + ဟိန်းထက်အောင် + ခိုင်ဇာထွန်း + ဖြိုးအိကျော် + သီတာမင်း၊ ၆၅ ကီလိုတန်းတွင် အောင်သက်နိုင်၊ ၅၅ ကီလိုတန်းတွင် နှင်းသက်ဝေတို့က ငွေတစ်ခုစီ၊ ကီလိုတန်းများနှင့် ပြိုင်ပွဲအမျိုးအစားများတွင် ကြေး ၁၈ ခု ရရှိခဲ့ကြောင်း သိရသည်။

**အဆင့် ၃ ရရှိ**

ယင်းပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နိုင်ငံအလိုက် အဆင့် ၃ ရရှိခဲ့ကြောင်း သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာဗိုဗီနမ် အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးနောင်၊ အုပ်ချုပ်သူ ဦးလွှမ်းအောင်၊ နည်းပြ ဦးကျော်မင်းထွန်း ဒေါ်မြသိန်းစု၊ အားကစားသမား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**အာကာစိုး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀

ဦးမင်းကိုကို နှင့် ဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း)
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီလာကို)
တရားလို တရားပြိုင်

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မင်္ဂလာဂူကျောင်းလမ်း၊ အမှတ် (၈/၄၁၂)နေ ဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမင်းကိုကို(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီလာကို)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ရက် (၁၃၈၅ခုနှစ် ကဆုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကနာမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းအပြင် အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်(သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ မတ်လ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/8426, Honda Fit GP H/B/(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘီ(န်)ဒူးကူမာရီ ၇/ကတခ(ဧည့်)၀၀၀၂၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/5265 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်အောင် ၁၂/ခရန(နိုင်)၁၂၈၉၁၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၃/အောင်ချမ်းသာ(အောင်ဇမ္ဗူ)၊ မြေကွက်အမှတ်(၂၂၆)၊ ဧရိယာ (၀ဒသမ ၀၅၁)ကေရှိ ဦးမျိုးသိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ကျော်နိုင် (ဘ)ဦးမြင့်အေး ၁၂/မဂဒ(နိုင်)၀၈၉၉၉၃မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၈၈၉/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူ ဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်တင်ရဲမွန် (ဘ) ဦးကြည်ဝင်း (၈/မထန(နိုင်)၁၀၀၂၅၀)နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက်၊ မြင်သာ (၁၁) လမ်း၊ မြေကွက်အမှတ် (၁၇၈/ခ) မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၆)လွှာ(ခြေရင်းခြမ်း)၊ (၁၃x၅၄)ပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်များအားလုံးကို ရောင်းချဝယ်ယူထားခြင်းအား သိရှိပြီးသည့် ကန်ထရိုက်တာနှင့် မြေရှင်တို့အပြင် အများသိစေရန်

အထက်ဖော်ပြပါတိုက်ခန်းကို မြေရှင်နှင့် ကန်ထရိုက်တာတို့ (၂)ခန်းတွဲ (၆)ထပ်တိုက်သစ်ဆောက်လုပ်ခြင်း သဘောတူကတိစာချုပ်ဖြင့် တိုက်ဆောက်လုပ်သူ ကန်ထရိုက်တာ ဦးမြင့်လွင် ၁၄/ကပန(နိုင်)၁၃၂၀၇၀က မြေရှင် ဒေါ်ကြူကြူမြင့်ပါဝင်လက်မှတ်ရေးထိုးသည့် ၁၃-၁၂-၂၀၂၁ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ပေးလျက် ဦးဖြိုးလှဝေသို့ ရောင်းချ၍ ဝယ်ယူထားပြီးသည့်တိုက်ခန်းဖြစ်ပါသဖြင့် ဥပဒေမဲ့ဆောင်ရွက်ခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန်ထရိုက်တာနှင့် မြေရှင်တို့အား အသိပေးအပ်ပြီး၊ ရောင်းမှားဝယ်မှား မဖြစ်စေရန်အတွက်လည်း အများသိစေရန်သဘောရိုးနှင့် အသိပေးကြေညာအပ်ပါသည်။

ဦးဖြိုးလှဝေ ၁၂/လမန(နိုင်)၀၀၈၂၇၂၏ ပြောဆိုလွှဲအပ်ချက်အရ-

| | |
|---|---|
| ဦးမြသိန်း(ပုဇွန်တောင်) | ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ) |
| (ဥပဒေဘွဲ့) | (ဥပဒေဘွဲ့) |
| (တရားလွှတ်တော်ရှေ့နေ စဉ်-၆၅၁၇) | (တရားလွှတ်တော်ရှေ့နေ စဉ်-၁၁၄၅၃) |

(ရုံး) အမှတ်-(၁၅၅) (ပထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း)-၀၉-၇၃၁၀၇၀၂၈၊ ၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၄၅၅၁၆၈၄၁၅

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၉

ဦးမင်းကိုကို(၎င်း၏အခွင့်ရကိုယ် နှင့် ဗိုလ်မှူးအောင်ကျော်မင်း
စားလှယ်စာရသူ ဒေါ်နီလာကို)
တရားလို တရားပြိုင်

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မင်္ဂလာဂူကျောင်းလမ်း၊ အမှတ် (၈/၄၁၂)နေ ဗိုလ်မှူးအောင်ကျော်မင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းကိုကို(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါ်နီလာကို)က မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၈ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့ နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသီရိဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး (၃)
တောင်ကြီးမြို့နယ်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

